ကြေးမုံ
The Mirror
၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ (30-5-2012)(၇၁၃၆)

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်အထက်လွှတ်တော်အမတ် Hon. Susan M. Collins ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်အထက်လွှတ်တော်အမတ် Hon. Susan M. Collins ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး အမေရိကန်အထက်လွှတ်တော်အမတ်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ သံရုံးယာယီတာဝန်ခံ Mr.Michael E. Thurston တက်ရောက်သည်။

တွေ့ဆုံရာ၌ နှစ်နိုင်ငံအကြား ပွင့်လင်းမြင်သာပြီး ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးများ ပိုမိုကောင်းမွန်ခိုင်မြဲစေရေး၊ ပြည်တွင်းငြိမ်းချမ်းရေး ဖြစ်ပေါ်တိုးတက်မှုများနှင့် နိုင်ငံရေးအရ ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလာရောက်နိုင်ရန်အတွက် စီးပွားရေးပိတ်ဆို့မှုများ အပြီးတိုင်လျှော့ချပေးရေး ကိစ္စရပ်များအား ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်အထက်လွှတ်တော်အမတ် Hon. Susan M. Collins ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဂျာမန်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဂျာမနီနိုင်ငံ ဂျာမန်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအော်တိုစွမ်လ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)



နေပြည်တော် မေ ၂၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဂျာမနီနိုင်ငံ ဂျာမန်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအော်တိုစွမ်လ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံအတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ရင်းနှီးမြှုပ်နှံမှုများနှင့် နည်းပညာများရရှိရန် ကူညီပံ့ပိုးပေးရေး၊ အဂတိလိုက်စားမှုပပျောက်ရေး၊ ကျွမ်းကျင်လုပ်သားထုတစ်ရပ်ဖြစ်ပေါ်လာစေရေးအတွက် လေ့ကျင့်သင်ကြားပေးရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုဘာသာစကားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံလွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့အပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဂျာမန်လွှတ်တော် ဒုတိယဥက္ကဋ္ဌဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး H.E. Christian - Ludwig Weber-Lortsch တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့်

၃၀-၅-၂၀၁၂(ဗုဒ္ဓဟူးနေ့)။

# ပြန်လည်ဦးမော့လာမည့် နိုင်ငံ့အနာဂတ်

ကျွန်ုပ်တို့နိုင်ငံကို ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဟု ဆိုကြပါသည်။ သို့သော် ယနေ့အချိန်မှစ၍ ထိုအဆင့်မှကျော်လွန်မည့်လမ်းစပေါ် ရောက်ရှိလို့နေပြီဟု ဆိုချင်ပါသည်။

နိုင်ငံတစ်နိုင်ငံကို တိုးတက်မှုပြုရာ၌ သိပ္ပံပညာရှင်များ၊ စက်မှုလက်မှုပညာရှင်များ စသည့်ပုဂ္ဂိုလ်များက ဦးဆောင်မှုပြုကြပါသည်။ အခြားသောဆိုင်ရာဘာသာရပ်များကို သိနားလည်သူတို့ကလည်း မိမိတို့စွမ်းသလောက် ကြိုးပမ်းကြရပါမည်။ ပြည်သူတစ်ရပ်လုံး၏ အတွေးအခေါ် အသိအမြင်များပါ လိုက်ပါပြောင်းလဲအောင် လုပ်ဆောင်ကြရပါမည်။

ထိုသို့တိုးတက်အောင်ဆောင်ရွက်ကြရာတွင် မြန်မာ့သမိုင်းတစ်လျှောက်၌ အိမ်နီးချင်းနိုင်ငံများနှင့် ကူးလူးဆက်ဆံရေးသည် မသေးလှသည့် အခန်းကဏ္ဍများဖြစ်ပါသည်။ အထူးသဖြင့် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့နှင့် ဆက်ဆံမှုများမှာ အထူးအရေးကြီးပါသည်။ မြန်မာ့သမိုင်းတစ်လျှောက်၌ အိန္ဒိယနှင့် ဆက်ဆံမှုမှာ အထူးထင်ရှားသည့်သမိုင်းသာဓကများ ရှိပါသည်။

အထူးသဖြင့် လယ်ယာမြေလုပ်ငန်းများ၊ ဘဏ်လုပ်ငန်းများ၊ ကုန်သွယ်မှုလုပ်ငန်းများမှာ အများဆုံးဖြစ်ပါသည်။ ထိုဆက်ဆံမှုသမိုင်းကြောင်း၏အတိတ်အရိပ်များ ယနေ့တိုင်ကျန်ရှိနေဆဲဖြစ်သည်မှာ ယုံမှားဖွယ်မရှိပါ။ လွတ်လပ်ရေးမရမီကာလက မြန်မာနိုင်ငံ၏ ကူးသန်းရောင်းဝယ်မှုရာခိုင်နှုန်း ၅၀ ကျော်မှာ အိန္ဒိယနှင့်သာ ရောင်းဝယ်ခဲ့သည်။ မြန်မာ့ဆန်တင်ပို့မှု၏ရာခိုင်နှုန်း ၄၀ မှာ အိန္ဒိယသို့သာ တင်ပို့ခဲ့သည်။ သွင်းကုန်ထက် ပို့ကုန်တန်ဖိုးများပြားခဲ့သည်။

သို့သော် အဆိုပါကုန်သွယ်မှုနှင့်ဆက်ဆံမှုမှာ လွတ်လပ်ရေးရပြီးနောက်ပိုင်းကာလမှစ၍ ပါးလျားသွားခဲ့သည်။ ယနေ့မြန်မာနိုင်ငံတွင် နိုင်ငံတကာနှင့်ဆက်ဆံမှု၊ ရင်းနှီးမြှုပ်နှံမှုတို့ကို နိုင်ငံအများနှင့် ဆက်သွယ်ဆောင်ရွက်နေကြသည်ကို တွေ့ရသည်။ ထိုအခြေအနေတွင် ၂၅ နှစ်ကြာကာလ၌ မြန်မာနိုင်ငံသို့ အိန္ဒိယနိုင်ငံ၏ဝန်ကြီးချုပ် ပထမဆုံးရောက်ရှိလာခဲ့သည်။

အိန္ဒိယနှင့်မြန်မာနှစ်နိုင်ငံနယ်စပ်ဒေသဖွံ့ဖြိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ နယ်စပ်အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ လေကြောင်းနှင့် ရေကြောင်းပို့ဆောင်ရေး၊ စက်မှုနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာနှင့် အတတ်ပညာ၊ အသိပညာပူးပေါင်းဆောင်ရွက်ရေး စသည့်ကဏ္ဍများအတွက် ဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများကို နှစ်နိုင်ငံခေါင်းဆောင်များ ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့သည်။

ဆွေးနွေးမှုနှင့်အတူ ကဏ္ဍပေါင်းစုံတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် အိန္ဒိယသမ္မတနိုင်ငံတို့အကြား သဘောတူညီချက်နှင့် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ သို့ဖြင့် မြန်မာ-အိန္ဒိယဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍသစ် သမိုင်းတစ်ခေတ် ပြန်လည်ဖွင့်လှစ်လိုက်နိုင်မည်ဟု ဆိုရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် မိုင်ပေါင်း ၃၈၀၈ မိုင် ဆက်စပ်လျက်ရှိရာတွင် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့နှင့်သာ အဝင်အထွက် အကူးအသန်းများခဲ့ပြီး အိန္ဒိယနှင့်မူ ယင်းတို့လောက် မများခဲ့ချေ။ ယခုအခါ နှစ်နိုင်ငံသဘောတူညီချက်အရ နယ်စပ်ဈေးများ၊ နယ်စပ်ကုန်သွယ်ရေးစခန်းများ၊ နယ်စပ်ဝင်ပေါက် ထွက်ပေါက် လမ်းပန်းဆက်သွယ်မှုများ ဖွင့်လှစ်နိုင်ရေး သဘောတူညီချက်များမှာ အားရဖွယ်ကောင်းလှသဖြင့် မကြာမီတွင် အရှေ့နှင့် ဆက်သွယ်မှုသာမက အနောက်နှင့်ဆက်သွယ်မှုများအထိပါ တိုးတက်လာတော့မည်ဖြစ်သည်။

အမှန်တကယ်တွင် အိန္ဒိယနိုင်ငံသည် သိပ္ပံနှင့်နည်းပညာဆိုင်ရာ အတတ်ပညာပိုင်းတွင် မြင့်မားတိုးတက်သည့်နိုင်ငံဖြစ်သည့်အလျောက် ယခုကဲ့သို့ နှစ်နိုင်ငံခေါင်းဆောင်များ၏ အမြော်အမြင်ကြီးမားမှုဖြင့် ကဏ္ဍသစ်များကို ဖွင့်လှစ်လိုက်နိုင်ခဲ့ရာ အနာဂတ်နိုင်ငံစီးပွားရေးနှင့် နိုင်ငံဖွံ့ဖြိုးရေးတို့အတွက် နိုင်ငံသူ နိုင်ငံသားအားလုံး မြော်တွေးလုပ်ဆောင်ကြရမည့်အချိန်အခါကောင်းဖြစ်ပါသည်။ ။

# အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာ

**နေပြည်တော် မေ ၂၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ နေပြည်တော်၌ ရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းနှင့် ဇနီး ရှုရီမာတီ ဂူရှာရန်ခါတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာသွားကြသည်။

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့်ဇနီး၊ ဒုတိယရဲချုပ် ရဲမှူးချုပ် ဇော်ဝင်း၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇင်ယော်နှင့် ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ သံရုံးမှ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဧည့်သည်တော်ဝန်ကြီးချုပ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် လေဆိပ်အဝင်လမ်းဘေး ဝဲ၊ ယာ၌ ကျောင်းသားကျောင်းသူလေးများက နှစ်နိုင်ငံအလံငယ်များကို ဝှေ့ယမ်း၍ နှုတ်ဆက်ကြသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းနှင့် ဇနီး ရှုရီမာတီ ဂူရှာရန်ခါတို့အား နေပြည်တော်လေဆိပ်တွင် တိုင်းရင်းသား တိုင်းရင်းသူလေးများက ဂါရဝပြုနှုတ်ဆက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့များကလည်း အလေးပြုနှုတ်ဆက်ကြသည်။

ထိုသို့ ဧည့်သည်တော်ဝန်ကြီးချုပ်နှင့် ဇနီး ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri နှင့် ဇနီးတို့လည်း အတူတကွလိုက်ပါသွားကြသည်။ (သတင်းစဉ်)

**အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့် ဇနီး ရှုရီမာတီ ဂူရှာရန်ခါတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာရာ တာဝန်ရှိသူတို့က နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။**

(သတင်းစဉ်)



# မိုးကြိုးအန္တရာယ်မှ ကာကွယ်ရေးအတွက် ဆောင်ရွက်ရန်အချက်များ

(က) အိမ်အပြင်တွင်ရောက်ရှိနေပါက အိမ်ထဲသို့ချက်ချင်းပြေးဝင်ပါ။
(ခ) ကွင်းပြင်တွင် ထီးတည်းကြီးမနေရန်၊ ဆောင့်ကြောင့်ထိုင်ပါ၊ ဒူးခေါင်းနှစ်ဖက်ပေါ် လက်များတင်ထားပါ၊ ခေါင်းငုံ့ထားပါ။
(ဂ) သစ်ပင်၊ ဓာတ်တိုင်နှင့် သံထည်ပစ္စည်းများအနီးတွင် မနေရန်၊
(ဃ) ရေကူးကန်၊ ရေကန်၊ မြစ်ချောင်း၊ အင်းအိုင် စသည့်နေရာများတွင် ရှိနေခဲ့လျှင် ရေထဲကချက်ချင်းတက်ပြီး လုံခြုံသောနေရာကိုရှာပြီးနေရန်၊
(င) အဆောက်အအုံများ၏အလယ်တွင်သာနေရန်၊ ရေပိုက်များနှင့် ရေဆေးခွက်များအနီးတွင် မနေရန်၊(မိုးကြိုးလျှပ်စီးမှတစ်ဆင့် ဓာတ်လိုက်တတ်သည်။)
(စ) ကားထဲတွင် ရောက်နေပါက ကားထဲတွင်သာဆက်နေရန်၊
(ဆ) တယ်လီဖုန်းဆက်သွယ်ပါက တယ်လီဖုန်းလိုင်းမှတစ်ဆင့် မိုးကြိုးထိမှန်နိုင်သဖြင့် ကြိုးဖုန်းများ မသုံးရန်၊
(ဇ) အဆောက်အအုံများတွင် မိုးကြိုးလွှဲများတပ်ဆင်ထားရန်၊
(ဈ) တီဗွီ၊ လျှပ်စစ်ထမင်းအိုး၊ လျှပ်စစ်မီးပူ၊ လျှပ်စစ်မီးဖိုစသည့် လျှပ်စစ်နှင့်ဆိုင်သော အိမ်အသုံးအဆောင်ပစ္စည်းများကို ပိတ်ထားရန်၊
(ည) လျှပ်စီးလက်သည်ကို မြင်သည်နှင့် (၁)မှ (၃၀) အထိရေတွက်ကြည့်ပါ၊ (၃၀) မပြည့်ခင် မိုးကြိုးပစ်သံကြားရပါက အမြန်ဆုံးအိမ်ထဲသို့ ပြေးဝင်ပါ။ (ဤလက္ခဏာသည် မိမိ၏ အပေါ်တည့်တည့်တွင် မိုးကြိုးမုန်တိုင်း ရောက်နေခြင်းဖြစ်ပါသည်။)
(ဋ) မိုးကြိုးပစ်တာရပ်ပြီး နာရီဝက်ကျော်ကြာမှ အိမ်ပြင်သို့ထွက်ရပါမည်။

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၉ - ၅ - ၂၀၁၂

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| မြန်မာ(ကျပ်) | ၈၄၁. ၀၀၀ | ၀. ၀၀၁၂၀ |
| ထိုင်း (ဘတ်) | ၃၁. ၇၅၃၀ | ၀. ၀၃၁၄၉ |
| တရုတ် (ယွမ်) | ၆. ၃၃၆၈၇ | ၀. ၁၅၇၈၁ |
| အိန္ဒိယ (ရူပီး) | ၅၅. ၆၆၂၅ | ၀. ၀၁၇၉၇ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၅၂၃၇ | ၀. ၃၁၇၂၂ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၇၇၅၈ | ၀. ၇၈၂၇၃ |
| ဂျပန် (ယန်း) | ၇၉. ၅၆၂၃ | ၀. ၀၁၂၅၇ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၇၅. ၉၆ | ၀. ၀၀၀၈၅ |
| ယူရို | ၀. ၇၉၇၈၇ | ၁. ၂၅၃၃၄ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၃၈၂၆ | ၁. ၅၆၆၇၆ |

***အင်တာနက်။***

## မန္တလေးကုန်စည်ဈေးနှုန်း

(၂၉-၅-၂၀၁၂)

**ရွှေဈေး**

| | |
|---|---|
| အခေါက်ရွှေ(အဆင့်-၁) | ၆၉၇၅၀၀ |
| အခေါက်ရွှေ(အဆင့်-၂) | ၆၉၄၅၀၀ |
| ရွှေဒင်္ဂါး(ရွှေရည်မီ) | ၆၂၄၅၀၀ |

**ဆန်ဈေး**

**(သန့်စင်ပြီး တစ်တင်းခွဲအိတ်ဈေးနှုန်း)**

| | |
|---|---|
| ပေါ်ဆန်းမွှေး | ၂၈၀၀၀/၃၀၀၀၀ |
| ရွှေဘိုမနော် | ၁၈၅၀၀/၂၀၀၀၀ |
| မဂျမ်းတော | ၂၀၀၀၀ |
| စောရှုပ်(ဟောင်း) | ၂၅၀၀၀ |
| စောရှုပ်(သစ်) | ၂၁၀၀၀ |
| ပေါ်ကျွဲ(ဟောင်း) | ၂၂၀၀၀ |
| ပေါ်ကျွဲ(သစ်) | ၁၉၅၀၀ |
| ဧယာ(ဟောင်း) | ၂၁၅၀၀ |
| ဧယာ(သစ်) | ၁၅၅၀၀/၁၆၅၀၀ |

**ဆီဈေး**

| | |
|---|---|
| ပဲဆီ | ၃၄၀၀/၄၂၀၀ |
| နှမ်းဆီ | ၂၈၅၀/၂၉၀၀ |
| ပန်းနှမ်းဆီ | ၂၇၀၀/၂၈၀၀ |
| စားအုန်းဆီ | ၁၉၁၀ |
| ကြက်ဆူဆီ | ၂၉၀၀ |

**စက်သုံးဆီ**

| | |
|---|---|
| ရေနံစိမ်း(တစ်စည်) | ၁၀၆ ဒသမ ၀၂ ဒေါ်လာ |
| ဓာတ်ဆီ(တစ်ဂါလန်) | ၃၇၀၀/၄၂၀၀ |
| ဒီဇယ်ဆီ(တစ်ဂါလန်) | ၄၂၀၀/၄၁၀၀ |

**(၀၀၂)**

## နောက်နှစ်ရက်အတွက် မိုးလေဝသ ခန့်မှန်းချက်

**မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နေမည်။**

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၃၀-၅-၂၀၁၂ (ဗုဒ္ဓဟူးနေ့)**

၇း၁၀ တရားတော်
၈း၁၅ ဇာတ်လမ်းတို
၄း၃၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-အမေ့အပြုံး (အပိုင်း-၇)
၆း၂၀ Mail Box
၆း၃၅ ကာတွန်းအစီအစဉ်
-အာကာသသူရဲကောင်းလေးများ (အပိုင်း-၂)
၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
**-ကြယ်စင်နိမိတ်နှင့်သက်ကယ်ဓား**
**(အပိုင်း-၃)**
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
-ရယ်စရာပျော်စရာဟာသကမ္ဘာ
"စံပြချစ်သူ"
(ကောင်းပြည့်၊ အမရာကျော်၊ ဇေရာ၊ ဗေလုဝ၊ ခင်လှိုင်၊ ဝက်မနှင့် သရုပ်ဆောင်များ)
[ဒါရိုက်တာ-စိန်လင်း(ပုံရိပ်ရွှေမြေ)]
-အိုင်စီတီသုတ
**-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
**"အရိုက်အရာ" (အပိုင်း-၁၈)**
**-ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်**

## အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်နှင့် ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

**အမှာစကားပြောကြား**

**အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း အိန္ဒိယနှင့် မြန်မာ တိုးတက်ရေးနှင့် ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)



ရန်ကုန် မေ ၂၉

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့် ဇနီး ရှရီမာတီ ဂူရှာရန်ခါတို့ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ငွေး နှင့် တာဝန်ရှိသူများ၊ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် သံရုံးမိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းသည် နံနက် ၁၁ နာရီခွဲမှ ၁၂ နာရီခွဲအထိ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အား လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်မှ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ အထိ အိန္ဒိယနွယ်ဖွား မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့်လည်းကောင်း တွေ့ဆုံသည်။

ထို့နောက် အိန္ဒိယနှင့် မြန်မာတိုးတက်ရေးနှင့် ဒေသဆိုင်ရာဖွံ့ဖြိုးရေးအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အခမ်းအနားကို ညနေ ၄ နာရီခွဲတွင် ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ အခမ်းအနားသို့ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမျိုးအောင်၊ ဦးအေးကြူနှင့် ဦးအေးမြင့်ကြူ၊ ရန်ကုန်တိုင်းဒေသကြီးလျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ နိုင်ငံတော်သမ္မတစီးပွားရေးအကြံပေးအဖွဲ့ခေါင်းဆောင် ဦးမြင့်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri နှင့် သံရုံးမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းက အမှာစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတစီးပွားရေးအကြံပေး အဖွဲ့ခေါင်းဆောင် ဦးမြင့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်နှင့်ဇနီးနှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော်သို့ရောက်ရှိပြီး စေတီတော်တောင်ဘက်မုခ်ဧည့်ခံတန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကာ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်က အိန္ဒိယသမ္မတနိုင်ငံမှ လှူဒါန်းမည့် သဲကျောက် ဗုဒ္ဓဆင်းတုတော်ပုံစံတူကို သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်ထံ ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက ရွှေတိဂုံစေတီတော်ပုံတော်ကျောက်စီပန်းချီကားကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်သည် ရွှေတိဂုံစေတီတော် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး ဧည့်သည်တော်အဖွဲ့သည် ရွှေတိဂုံစေတီတော်ကို လှည့်လည်ကြည်ညိုကြသည်။

ယင်းမှတစ်ဆင့် ဧည့်သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဗဟာဒုရ်ရှားဂူဗိမာန်သို့ သွားရောက်ဂါရဝပြုကြသည်။

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

## ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ရှမ်းပြည်နယ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၂၉**

၂၀၁၂-၂၀၁၃ ပညာသင်နှစ် ရှမ်းပြည်နယ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၈ ရက် နံနက် ၉ နာရီတွင် တောင်ကြီးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အမှာစကားပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များက ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် အလှူငွေများ၊ ကျောင်းသုံးဖတ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ပရိဘောဂပစ္စည်းများနှင့် ကျောင်းဝတ်စုံများကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် တောင်ကြီးမြို့ရှိ အထက(၃)၊ အထက(၄)၊ အလက(၄)နှင့် အမက(၂) ကျောင်းများ၌ ကျောင်းအပ်နှံနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပြီး ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်နှင့် ဖတ်စာအုပ်များကို ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ရသေ့တောင်မြို့နယ် ဖွံ့ဖြိုးရေး လုပ်ငန်းများစစ်ဆေးပြီး ကျောင်းအပ်နှံရေးနေ့အခမ်းအနား တက်ရောက်

နေပြည်တော် မေ ၂၉

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်သည် မေ ၂၆ ရက် နံနက် ၉ နာရီတွင် ရသေ့တောင်မြို့မ အခြေခံပညာအလယ်တန်းကျောင်းဆောင်၌ ဒေသခံသက်ကြီးအဘိုး အဘွားများအား ဂါရဝပြုကန်တော့ပြီး စားသောက်ဖွယ်ရာများ၊ ဆေးဝါးနှင့် ထောက်ပံ့ငွေများပေးအပ်လှူဒါန်းသည်။**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် မြို့နယ်ပြည်သူ့ဆေးရုံ၌ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ဆေးရုံအုပ်ကြီး၊ သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ အထူးကုအဖွဲ့က ဒေသခံပြည်သူများအား အခမဲ့ဆေးဝါးကုသနေမှုများကို ကြည့်ရှုအားပေးပြီး ကမ်းနားလမ်းတစ်လျှောက် ရေတိုက်စားမှုကြောင့် ကမ်းပြိုပျက်စီးမှုနှင့် မြေထိန်းနံရံ ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ရသေ့တောင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး အလှူငွေများ၊ ကျောင်းဝတ်စုံများနှင့် ကျောင်းသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကနှင့် အဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များက ကျောင်းဝတ်စုံနှင့် ကျောင်းသုံးပစ္စည်းများကို ကျောင်းသား ကျောင်းသူများအား ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် မြို့မအမှတ်(၂) အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းအပ်နှံနေမှုများကို ကြည့်ရှုအားပေးပြီး မေယုခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများနှင့် တွေ့ဆုံသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် မေ ၂၇ ရက် နံနက် ၈ နာရီခွဲတွင် ပုဏ္ဏားကျွန်းမြို့ တန်းခိုးဆရာထွန်းခန်းမ၌ ကျင်းပသည့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး အလှူငွေများ၊ ကျောင်းဝတ်စုံများနှင့် ကျောင်းသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။ ဆက်လက်၍ ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ ပြည်နယ်ဝန်ကြီးများနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက အလှူငွေများ၊ ကျောင်းဝတ်စုံများနှင့် ကျောင်းသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကျောက်တော်မြို့နယ် ခွဆုံကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးစက်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးသာလူချေ၊ ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးလှဟန်နှင့် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာမှူးကြီး ဦးအောင်ကျော်ဟိန်းတို့က လျှပ်စစ်မီးစက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လျှပ်စစ်မီးစက်ဆိုင်းဘုတ်အား မီးခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

## ဧည့်ဝန်ဆောင်မှုသင်တန်းအမှတ်စဉ်(၅/၂၀၁၂)ဆင်းပွဲ ကျင်းပ

**ရန်ကုန် မေ ၂၉**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ကြီးကြပ်၍ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၏ ဦးဆောင်မှုဖြင့် ဖွင့်လှစ်သော ဧည့်ဝန်ဆောင်မှုသင်တန်း အမှတ်စဉ်(၅/၂၀၁၂) ဆင်းပွဲအခမ်းအနားကို မေ ၂၅ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းနှင့် (၃၁)လမ်းထောင့်ရှိ ခရီးသွားလုပ်ငန်းဆိုင်ရာသင်တန်းကျောင်း၌ ကျင်းပရာ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးလှငွေးက သင်တန်းဆင်းအမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိသူများအား ဆုပေးအပ်ချီးမြှင့်သည်။

ထို့နောက် တာဝန်ရှိသူများက သင်တန်းသားများနှင့် သင်တန်းနည်းပြများအား သင်တန်းဆင်းလက်မှတ်များနှင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။(သတင်းစဉ်)



## အရေးပေါ်မီးစက်ကြီးများဖြည့်ဆည်း ဓာတ်အားပေးမှု ပိုမိုကောင်းမွန်ရေးဆောင်ရွက်

**မန္တလေး မေ ၂၉**

မန္တလေးမြို့တွင် လက်ရှိအလှည့်ကျ ဓာတ်အားပေးနေမှု၌ ဖြည့်ဆည်းပေးမှုအနေဖြင့် ဓာတ်အားအရေးပေါ်လိုအပ်လျက်ရှိသော နေရာများ၊ ပုံမှန်မီးရချိန်အတွင်း အကြောင်းအမျိုးမျိုးကြောင့် ဓာတ်အားရရှိမှု အချိန်လျော့နည်းသော နေရာများနှင့် မန္တလေးမြို့ စည်ပင်သာယာရေတွန်းစက်ရုံများ ပုံမှန်ရေပေးဝေနိုင်ရန် မေ ၂၁ ရက်က ယာဉ်တင်မီးစက်ကြီးများဖြင့် ရွေ့လျားဓာတ်အားပေးမှု ဆောင်ရွက်ပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းက ပြည်ပမှမှာယူထားသော မီးစက်ကြီး ၁၂ လုံးလည်း ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိနေရာ မန္တလေးမြို့သို့ ပို့ဆောင်၍ ဓာတ်အားပေးမှု ပိုမိုကောင်းမွန်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သီဟကိုကို (မန္တလေး)

## ယာဉ်ကြီးကြပ်ခ ၅၀ ရာခိုင်နှုန်းလျှော့

**မန္တလေး မေ ၂၉**

မန္တလေးတိုင်းဒေသကြီး ယာဉ်လုပ်ငန်းကြီးကြပ်ရေးကော်မတီ (အဝေးပြေး)၏ ကွပ်ကဲမှုအောက်ရှိ ယာဉ်အသင်းများအပေါ် ကောက်ခံနေသော ကြီးကြပ်ခများကို ၂၀၁၂ ခုနှစ် မတ် ၁ ရက်မှစ၍ ၂၅ ရာခိုင်နှုန်း လျှော့ပေါ့ကောက်ခံခဲ့သည်။ ဇွန် ၁ ရက်မှစ၍ မန္တလေးတိုင်းဒေသကြီးအတွင်း မိုင် ၃၀ အောက် ပြေးဆွဲသော ယာဉ်အသင်းများအပေါ် ကောက်ခံနေသော ကြီးကြပ်ခများကို ၅၀ ရာခိုင်နှုန်းအထိလျှော့၍ ကောက်ခံသွားမည်ဖြစ်ပြီး စက်တင်ဘာလမှစတင်ပြီး မန္တလေးတိုင်းဒေသကြီးမှ မိုင် ၅၀ အောက် ပြေးဆွဲသော ယာဉ်အသင်းများအပေါ် ကောက်ခံသော ကြီးကြပ်ခများကို ၅၀ ရာခိုင်နှုန်းလျှော့ပေါ့ ကောက်ခံသွားမည်ဖြစ်သည်။ ကော်မတီ၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုအပေါ် မူတည်၍ နောင်တွင်(လုံး၀) ကောက်ခံခြင်း မပြုတော့သည်အထိ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မောင်စေတနာ(မန္တလေး)



## အများသုံးရေတွင်း တူးဖော်ဆယ်ယူရာမှ ကျည် ၉၇၁ တောင့်နှင့် လူအရိုးစုများတွေ့

**မန္တလေး မေ ၂၉**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် (၃၅) လမ်းနှင့် (၃၆) လမ်း၊ (၇၃) လမ်းနှင့် (၇၄) လမ်းကြား စကြာနွယ်စဉ်ရပ်ကွက် ပုဏ္ဏကုန်းကစ္စနားဘုရားကျောင်းအနီး နှစ်ပေါင်း ၁၀၀ နီးပါးရှိ အများသုံးရေတွင်းအား မေ ၁၆ ရက် နံနက်က ရပ်ကွက်နေပြည်သူများ စုပေါင်းတူးဖော်ကြရာ ဒုတိယကမ္ဘာစစ်အတွင်းကဟု ယူဆရသော ရိုင်ဖယ်ကျည် ၉၇၁ တောင့်နှင့် လူအရိုးစုများတွေ့ရှိ၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ အကြောင်းကြားပြီး သက်ဆိုင်ရာတာဝန်ရှိသူများထံ အပ်နှံခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)** (၆၅၃)

# မြောက်ကိုရီးယားလိုလားသူ ပြည်တွင်းအင်အားစုများအား တောင်ကိုရီးယားသမ္မတဝေဖန်

**ဆိုးလ် မေ ၉**

တောင်ကိုရီးယားနိုင်ငံအတွင်းရှိ မြောက်ကိုရီးယား လိုလားသူအုပ်စုများအနေဖြင့် ယင်းနိုင်ငံ၏ ဝါဒဖြန့်မှုများအား နားယောင်နေခြင်းကို ရပ်တန့်ကရပ်ကြရန် တောင်ကိုရီးယားသမ္မတ လီမြောင်ဘတ်က မေ ၈ ရက်တွင် ပြောကြားခဲ့သည်။

သာမန်အားဖြင့် အယူအဆရေးရာ သဘောထားမှတ်ချက်များအား ရှောင်ရှားလေ့ရှိသူ သမ္မတ လီမြောင်ဘတ်သည် နိုင်ငံအတွင်းရှိ မြောက်ကိုရီးယားလိုလားသူ အုပ်စုများအား ပထမဆုံးအကြိမ်ဝေဖန်ခဲ့ခြင်းဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံ ယွန်ဟက်သတင်းအေဂျင်စီက တင်ပြသွားသည်။

ရေဒီယိုမှတစ်ဆင့် အသံလွှင့်ခဲ့သည့် မိန့်ခွန်းတွင် သမ္မတ လီမြောင်ဘတ်သည် မြောက်ကိုရီးယားလိုလားသူ အုပ်စုများနှင့် ပတ်သက်၍ "မျက်ကန်းတစ္ဆေမကြောက် မြောက်ကိုရီးယားနောက်လိုက်ခြင်း" ဟူ၍ အဓိပ္ပာယ်ရသည့် "ဂျောင်ဘတ်"(Jongbuk) ဟူသော ဝေါဟာရကို အသုံးပြုခဲ့သည်။

အပြောင်းအလဲများပြုလုပ်ရန် နိုင်ငံတကာအသိုက်အဝန်းက မြောက်ကိုရီးယားနိုင်ငံကို တောင်းဆိုနေသည်ဖြစ်ရာ ယင်းနိုင်ငံအား မျက်စိစုံမှိတ်ထောက်ခံနေသူများသည်လည်း ပြောင်းလဲရန်သင့်ပြီဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတ လီမြောင်ဘတ်က ပြောကြားခဲ့သည်။

မကြာသေးမီကာလအတွင်း တောင်ကိုရီးယား လက်ဝဲဝါဒီလွှတ်တော်အမတ်များက မြောက်ကိုရီးယားကွန်မြူနစ်အစိုးရအား ဝေဖန်ရန်ဆန္ဒမရှိကြောင်း သဘောထားပြသခဲ့ပြီးနောက် တောင်ကိုရီးယားနိုင်ငံအတွင်း၌ မြောက်ကိုရီးယားလိုလားသူအုပ်စုများကို ဝေဖန်သံများ ပိုမိုကျယ်လောင်ခဲ့သည်။

***အင်တာနက်။***





# ကန်အထူးတပ်ဖွဲ့ဝင်များ မြောက်ကိုရီးယားပိုင်နက်အတွင်းသို့ လေထီးဖြင့် ဆင်းခဲ့သည်ဟူသောသတင်း မဟုတ်မှန်

**ဆိုးလ် မေ ၉**

ထောက်လှမ်းရေးသတင်းရယူစုဆောင်းမှုဆိုင်ရာ စစ်ရေးမစ်ရှင်များပြုလုပ်ရန် မြောက်ကိုရီးယားပိုင်နက်အတွင်းသို့ အမေရိကန်အထူးတပ်ဖွဲ့ဝင်များ လေထီးဖြင့် ဆင်းသက်ခဲ့သည်ဟူသော သတင်းများမှာ မှန်ကန်မှုမရှိကြောင်း အမေရိကန်စစ်ဘက် က မေ ၉ ရက်တွင် အပြင်းအထန် ငြင်းဆန်ခဲ့သည်။

အထူးထောက်လှမ်းရေးမစ်ရှင်များ ဆောင်ရွက်ရန် အမေရိကန်နှင့် တောင်ကိုရီးယားတပ်ဖွဲ့ဝင်များသည် မြောက်ကိုရီးယားနိုင်ငံအတွင်းသို့ လေထီးဖြင့် ဆင်းသက်ခဲ့သည်ဟု တောင်ကိုရီးယားအခြေစိုက် အမေရိကန်အထူးတပ်ဖွဲ့တပ်မှူး ဗိုလ်မှူးချုပ် နေးလ်တော်လီက ပြောကြားခဲ့ကြောင်း သည်ဒစ်ပလိုမက်အမည်ရှိ မျက်မှောက်ရေးရာ မဂ္ဂဇင်းတစ်စောင်တွင် ဖော်ပြထားသည်။

သည်ဒစ်ပလိုမက် မဂ္ဂဇင်း၏ ဖော်ပြချက်များသည် ဖန်တီးထားသည့် အချက်အလက်များဖြစ်ပြီး ဗိုလ်မှူးချုပ် နေးလ်တော်လီကို အမည်တပ်ကိုးကားထားခြင်းဖြစ်ကြောင်း တောင်ကိုရီးယားအခြေစိုက် အမေရိကန်တပ်ဖွဲ့ဝင်များ၏ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံတွင်းသို့ မည်သည့်အမေရိကန်တပ်ဖွဲ့ဝင် သို့မဟုတ် တောင်ကိုရီးယားတပ်ဖွဲ့ဝင် တစ်ဦးတစ်ယောက်မျှ လေထီးဖြင့် ဆင်းသက်ခဲ့ခြင်းမရှိကြောင်း ၎င်းက ငြင်းပယ်ခဲ့သည်။

အထူးထောက်လှမ်းရေး မစ်ရှင်များသည် အထူးစစ်ဆင်ရေးတပ်ဖွဲ့(အက်စ်အိုအက်ဖ်)၏ ပင်မ တာဝန်ဖြစ်သော်လည်း မြောက်ကိုရီးယားနိုင်ငံအတွင်း ယင်းမစ်ရှင်များဆောင်ရွက်ရန် အမေရိကန် အထူးစစ်ဆင်ရေးတပ်ဖွဲ့ဝင်များအား စေလွှတ်ခဲ့ခြင်းမရှိကြောင်း အမေရိကန်စစ်ဘက်၏ ထုတ်ပြန်ချက်၌ ဖော်ပြသည်။

၁၉၅၀-၅၃ ကိုရီးယားကျွန်းဆွယ်စစ်ပွဲ ပြီးဆုံးပြီးနောက်ပိုင်း မြောက်ကိုရီးယားနိုင်ငံသည် ဥမင်လိုဏ် ထောင်ပေါင်းများစွာကို တည်ဆောက်ခဲ့ကြောင်း အထူးစစ်ဆင်ရေးတပ်ဖွဲ့တပ်မှူး ဗိုလ်မှူးချုပ် နေးလ်တော်လီက ပြောကြားခဲ့သည်ဟု သည်ဒစ်ပလိုမက်မဂ္ဂဇင်းတွင် ဖော်ပြထားသည်။

***အင်တာနက်။***

# အာဆီယံ ပြည်တွင်းစစ်ကင်းလွတ်နယ်မြေဖော်ဆောင်ရေး ကမ္ဘောဒီးယားဝန်ကြီးချုပ် အာဆီယံကာကွယ်ရေးဝန်ကြီးများအား အဆိုပြု

**ဖနောင်ပင် မေ ၉**

ဒေသတွင်းတည်ငြိမ်မှုနှင့် ဖွံ့ဖြိုးမှုတို့ကို ဖန်တီးပေးနိုင်မည့် အာဆီယံ ပြည်တွင်းစစ်ကင်းလွတ်နယ်မြေတစ်ရပ် ဖော်ဆောင်ရေးအား ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဟွန်ဆန်က မေ ၉ ရက်တွင် အဆိုပြုခဲ့ကြောင်း သတင်းများ၌ ဖော်ပြထားသည်။

ဆဋ္ဌမအကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ ဆွေးနွေးပွဲမတိုင်မီ အာဆီယံနိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများနှင့် မိနစ် ၃၀ ကြာတွေ့ဆုံရာတွင် ကမ္ဘောဒီးယားဝန်ကြီးချုပ်က အထက်ပါအတိုင်း အဆိုပြုခဲ့ခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်းအတွက် တည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးနှင့်စည်ပင်ဝပြောရေးတို့ကိုဖော်ဆောင်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ကာကွယ်ရေးကဏ္ဍ၌ ပူးပေါင်းဆောင်ရွက်ရေးသည် အလွန်အရေးပါကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ကာကွယ်ရေးကဏ္ဍတွင်သာမက သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်လာခဲ့ပါက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ရှားမှုများ၌ပါ ပူးပေါင်းဆောင်ရွက်ရေးကို အာရုံစိုက်ကြရန် အာဆီယံကာကွယ်ရေးဝန်ကြီးများအား ဝန်ကြီးချုပ်ဟွန်ဆန်က တိုက်တွန်းခဲ့သည်။

သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြရသော ပြည်သူများအား ကူညီရာတွင် လက်နက်ကိုင်တပ်ဖွဲ့များ၏ အခန်းကဏ္ဍမှာ ပိုမိုအရေးပါလာကြောင်း ၎င်းက ပြောကြားသည်။

ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်တို့ပါဝင်သော အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)ကို ၁၉၆၇ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည်။

***ဆင်ဟွာ။***



*ရာထူးမှ ထုတ်ပယ်ခြင်းခံရသည့် ဖိလစ်ပိုင်နိုင်ငံ တရားရုံးချုပ်မှ တရားသူကြီးချုပ် ရီနာတိုကိုရိုနာ။*

# လာဘ်စားသည့်တရားသူကြီးချုပ် ဖိလစ်ပိုင်တွင် ရာထူးမှဖယ်ရှား

**မနီလာ မေ ၉**

ဖိလစ်ပိုင်နိုင်ငံတွင် ထိပ်တန်းတရားသူကြီးတစ်ဦးသည် ဒေါ်လာသန်းပေါင်းများစွာကို ကွယ်ဝှက်ထားကြောင်း တွေ့ရှိရသဖြင့် အင်္ဂါနေ့တွင် ၎င်းအား ရာထူးမှဖယ်ရှားလိုက်သည်။ လေးလကျော်ကြာ တရားရုံးတင်စစ်ဆေးပြီးနောက် တရားရုံးချုပ်မှ တရားသူကြီးချုပ် ရီနာတိုကိုရိုနာသည် အခြေခံဥပဒေချိုးဖောက်မှုနှင့် ၎င်း၏ချမ်းသာကြွယ်ဝမှုကို လူသိရှင်ကြားထုတ်ဖော်ကြေညာရန် ပျက်ကွက်မှုတို့ ကျူးလွန်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည်ဟု တရားရုံးက ကြေညာသည်။

အထက်လွှတ်တော်အမတ် ၂၃ ဦးအနက် သုံးပုံ၊ နှစ်ပုံက ကိုရိုနာကို အပြစ်ပေးရန် တောင်းဆိုခဲ့ကြသည်။ ၎င်းသည် ဖိလစ်ပိုင် သမိုင်းတွင်ရာထူးမှ ထုတ်ပယ်ခံရသော ပထမဆုံးတရားသူကြီးချုပ်ဖြစ်လာသည်။

ဖိလစ်ပိုင်နိုင်ငံ၏ လူ့အသိုင်းအဝိုင်းအလွှာစုံနယ်ပယ်၌ ပျံ့နှံ့လျက်ရှိနေပြီးဖြစ်သော လာဘ်ပေးလာဘ်ယူ ယဉ်ကျေးမှုကို အဆုံးသတ်စေရန် ကြိုးစားရာတွင် ကိုရိုနာကို အရေးယူအပြစ်ပေးခြင်းသည် လွန်စွာအရေးကြီးကြောင်း အကွီနိုက အကြိမ်ကြိမ် ပြောကြားခဲ့သည်။

ကိုရိုနာသည် သမ္မတဟောင်းအား တရားစွဲဆိုခြင်းကို ကာကွယ်သကဲ့သို့ တံစိုးလက်ဆောင်ပေးယူမှုကို တိုက်ဖျက်ရာတွင်လည်း အတားအဆီးလုပ်ခဲ့ကြောင်း အကွီနိုကပြောသည်။ ၎င်းသည် ဟားဗတ်တက္ကသိုလ်တွင် ဥပဒေပညာရပ်ကို လေ့လာသင်ယူခဲ့သူ ဖြစ်သည့်အပြင် သမ္မတဟောင်း အာရိုယို၏ ရင်းနှီးသောမိတ်ဆွေလည်းဖြစ်သည်။

၎င်းကို ရုံးတင်စစ်ဆေးစဉ်ကာလအတွင်း ထုတ်ဖော်ပြောဆိုခြင်းမပြုသည့် ဘဏ်စာရင်းတွင် ဖော်ပြထားသော ဒေါ်လာလေးသန်းကျော်နှင့် စပ်လျဉ်း၍ နောက်ဆုံးသီတင်းပတ်၌ ဝန်ခံပြောကြားခဲ့သည်။

အသက် (၆၃)နှစ်အရွယ်သို့ ရောက်ရှိနေပြီဖြစ်သော ကိုရိုနာသည် အာရိုယိုကိုတရားစွဲခြင်းမပြုနိုင်အောင် တရားမဝင် အတားအဆီးများ ပြုလုပ်ခဲ့သည်။

***အင်တာနက်။***



*အီတလီနိုင်ငံမြောက်ပိုင်းတွင် မေ ၂၉ ရက်က အင်အား ရစ်ချ်တာစကေး ၅ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်ခတ်ပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။*

# အီတလီနိုင်ငံမြောက်ပိုင်းတွင် ငလျင်ထပ်မံလှုပ်၊ ၁၅ ဦးသေဆုံး

**မီလန် မေ ၂၉**

အီတလီနိုင်ငံမြောက်ပိုင်း အမ်မလီယာ ရိုမက်ဂ်နာဒေသ၌ မေ ၂၉ ရက်နံနက်ပိုင်းတွင် မြေငလျင်တစ်ခု လှုပ်ခတ်ခဲ့ရာ လူ ၁၅ ဦးထက်မနည်း အပျက်အစီးပုံများအောက်တွင် ပိတ်ဖုံးခံရသဖြင့် သေဆုံးခဲ့ကြရကြောင်း ရိုက်တာ သတင်းတွင် ဖော်ပြသည်။

အဆိုပါငလျင်သည် ဘိုလော့ဂ်နာမြို့ အနောက်မြောက်ဘက် ၂၅ မိုင်ခန့်အကွာ မီရန်ဒိုလာမြို့အနီး ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ငလျင်၏ တုန်ခါမှုဒဏ်ကို ဩစတြီးယားနိုင်ငံ၌ပင် ခံစားခဲ့ရကြောင်း သိရသည်။

ယင်းငလျင်ကြောင့် ဘိုလော့ဂ်နာမြို့မြောက်ဘက် အမ်မလီယာ ရိုမက်ဂ်နာဒေသ၌ လူပေါင်း ၁၄၀၀၀ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

အင်အားရစ်ချ်တာစကေး ၅ ဒသမ ၈ အဆင့်ရှိ အဆိုပါငလျင်လှုပ်ခတ်ခဲ့သည့် အချိန်မှာ နံနက်ပိုင်း စက်ရုံများဖွင့်ချိန်ဖြစ်ခြင်းကြောင့် အသေအပျောက်များပြားခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ငလျင်ဗဟိုချက်အနီး မီရန်ဒိုလာမြို့ရှိ စန်ဖရန့်စစ်ဘုရားကျောင်းမှာ ရှေ့မျက်နှာစာမှတစ်ပါး ပင်မအဆောက်အအုံတစ်ခုလုံးပြိုကျခဲ့ရကြောင်း သိရသည်။

ယင်းဒေသ၌ပင် မေ ၂၀ ရက်က ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ရာ ဒေသခံထောင်ပေါင်းများစွာသည် ရွက်ဖျင်တဲများ၌ ယာယီခိုလှုံနေကြရဆဲဖြစ်သည်။ မေ ၂၀ ရက်ငလျင်သည် ၁၃၀၀ ခုနှစ်နောက်ပိုင်း အမ်မလီယာရိုမက်ဂ်နာဒေသ၌ အပြင်းထန်ဆုံး လှုပ်ခတ်ခဲ့သည့် ငလျင်ဖြစ်ကြောင်း အီတလီတာဝန်ရှိသူများက ပြောကြားသည်။

***အင်တာနက်။***

# အယ်လ်ခိုင်ဒါအထက်တန်းခေါင်းဆောင်တစ်ဦးအား အာဖဂန်နစ္စတန်တွင် နေတိုးအဖွဲ့က သုတ်သင်

**ကဘူး မေ ၂၉**

အာဖဂန်နစ္စတန်နိုင်ငံတွင်းရှိ အယ်လ်ခိုင်ဒါအဖွဲ့မှ ဒုတိယအဆင့်မြင့်ဆုံးခေါင်းဆောင်တစ်ဦးသည် အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့များက ယင်းနိုင်ငံအရှေ့ပိုင်းကူနာပြည်နယ်အတွင်း မေ ၂၇ ရက်က ပြုလုပ်ခဲ့သော လေကြောင်း တိုက်ခိုက်မှုတစ်ရပ်တွင် သေဆုံးခဲ့သည်ဟု နေတိုးမဟာမိတ်အဖွဲ့က မေ ၂၉ ရက် တွင်ပြောကြားသည်။

သေဆုံးခဲ့သူမှာ ဆော်ဒီအာရေဗျနိုင်ငံဖွား ဆာခါး အယ်တိုင်ဗီအမည်ရှိသူဖြစ်ပြီး ၎င်းအား မာ့ဇ်တက်နှင့်နာဆမ် ဟူသောအမည်များနှင့်လည်း အသိများကြသည်။

၎င်းသည် အာဖဂန်နစ္စတန်နိုင်ငံတွင်း၌ နိုင်ငံခြားသား သောင်းကျန်းသူများအား ကွပ်ကဲဦးဆောင်ခဲ့သူဖြစ်ပြီး ယင်းသောင်းကျန်းသူများ နေတိုးတပ်ဖွဲ့ဝင်များနှင့် အာဖဂန်အစိုးရတပ်ဖွဲ့ဝင်များကို ဆန့်ကျင်တိုက်ခိုက်ရန် စီစဉ်ညွှန်ကြားခဲ့သူဖြစ်ကြောင်း နေတိုးမဟာမိတ်အဖွဲ့က ပြောကြားသည်။

၎င်းသည် အာဖဂန်နစ္စတန်မှ ပါကစ္စတန်သို့ ကြိမ်ဖန်များစွာ သွားရောက်ခဲ့ပြီး အယ်လ်ခိုင်ဒါ အထက်တန်းခေါင်းဆောင်များထံမှ အမိန့်များကို ဆောင်ယူ၍ လက်နက်များနှင့် တိုက်ခိုက်ရေးသမားများကို အာဖဂန်နိုင်ငံသို့ ခေါ်ယူခဲ့သူဖြစ်သည်။

***အင်တာနက်။***

# နွားနို့ကိုရေဆိုးရော၍ရောင်းသူ ပျံကျဈေးသည်များအား အိန္ဒိယ၌ ဖမ်းဆီး

**မွမ်ဘိုင်း မေ ၂၉**

အိန္ဒိယနိုင်ငံမွမ်ဘိုင်းမြို့၌ စွန့်ပစ်ပလတ်စတစ်ဘူးများအတွင်း နွားနို့နှင့် ရေဆိုးများရောကာ ရောင်းချလျက်ရှိသော ပျံကျဈေးသည်လေးဦးကို ဖမ်းဆီးတရားစွဲဆိုထားကြောင်း အိန္ဒိယရဲတပ်ဖွဲ့က အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

မေ ၂၈ ရက်က ဖမ်းဆီးခံခဲ့ရသည့် အဆိုပါပျံကျဈေးသည် လေးဦးသည် လွန်ခဲ့သောခြောက်လခန့်ကပင် အရည်အသွေးမပြည့်မီသည့် နွားနို့များရောင်းချနေသူများအဖြစ် သံသယရှိရပြီး ၎င်းတို့အား မသန့်ရှင်းသော စားသောက်ဖွယ်ရာများရောင်းချ၍ စားသုံးသူတို့၏ ကျန်းမာရေးအား ဘေးဖြစ်စေမှုဖြင့် စွဲချက်တင်ထားသည်။

ယင်းပျံကျဈေးသည်များထံမှ အရည်အသွေးနိမ့်နွားနို့ လီတာ ၁၆၀ နှင့် ရောင်းချရန်အလို့ငှာ ယင်းနွားနို့များ ထည့်သွင်းထားသည့် ပလတ်စတစ်ဘူး ၁၈၁ ဘူးတို့အား ရဲတပ်ဖွဲ့က သိမ်းဆည်းနိုင်ခဲ့သည်။

၎င်းပျံကျဈေးသည်များသည် ပိုမိုကြီးမားကျယ်ပြန့်သော အရည်အသွေးနိမ့်နွားနို့ ရောင်းချမှုလုပ်ငန်းအတွင်း ပါဝင်သည့် လက်ခွဲရောင်းချသူများဟုတ်၊ မဟုတ်ကို ရဲတပ်ဖွဲ့ကစစ်ဆေးလျက်ရှိသည်။ အဆိုပါ ပျံကျဈေးသည်များသည် အမှိုက်ပုံးများကို မွှေနှောက်ရှာဖွေကာ စွန့်ပစ်နွားနို့ဘူးများစုဆောင်း၍ ယင်းနွားနို့ဘူးများအတွင်း နွားနို့ ၆၀ ရာခိုင်နှုန်းနှင့် ရေသိုးရေပုပ် ၄၀ ရာခိုင်နှုန်းရောစပ်ကာ ဖယောင်းတိုင်မီးဖြင့် ချိပ်ပိတ်ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

***အင်တာနက်။***

# လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၂၉

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က မိမိတို့ဝန်ကြီးဌာနအနေဖြင့် လက်ငင်းဦးစားပေးကဏ္ဍအလိုက် ဆောင်ရွက်နေသောလုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ရေးအတွက် ဌာနအလိုက် လုပ်ငန်းတာဝန်များကို မဖြစ်မနေ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားရာ ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များက အသီးသီး ပါဝင်ဆွေးနွေးတင်ပြကြသည်။**

တင်ပြချက်များနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကတာဝန်ယူနေရသောမိမိအပါအဝင် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများသည် နိုင်ငံတော်၏ ချမှတ်ထားသည့် ရည်မှန်းချက်များကို အလေးအနက်ခံယူပြီး ညှိနှိုင်းတိုင်ပင် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပိုမိုတိုးတက်အောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု အထွက်တိုးတက်ရေးနှင့် ဝင်ငွေတိုးတက်စေရေးအတွက် တောင်သူလယ်သမားများ ကိုယ်တိုင် ယုံကြည်လက်ခံမှုအပြည့်အဝရရှိနေသည့်ဈေးကွက်နှင့် ဈေးနှုန်းခိုင်မာသော ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းကို စိုက်ပျိုးရေးတက္ကသိုလ်မှ ပညာရှင်များနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့က ရာနှုန်းပြည့် မိမိခြေထောက်ပေါ် ရပ်တည်နိုင်သည့်အဆင့်အထိ ကြိုးစားဆောင်ရွက်ပေးကြရမည် ဖြစ်ကြောင်း။

ပထမအဆင့် ရည်မှန်းချက်ဖြစ်သည့် မျိုးသန့်မျိုးပွားစိုက်ဧက ၁၀၀၀ အတွက် လိုအပ်သော အဖိုလိုင်းနှင့် အမလိုင်း မျိုးစေ့များအား စိုက်ပျိုးရေးသုတေသနနှင့် စိုက်ပျိုးရေးတက္ကသိုလ်မှ ယခု စိုက်ပျိုးရာသီအတွင်း မျိုးပွားထုတ်လုပ်နိုင်ရေး ရည်မှန်းချက်တိတိကျကျထားရှိ အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း။

လက်ဝယ်ရှိသည့် မိဘလိုင်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လိုအပ်ချက်နှင့်စိုက်ပျိုးရေး အထူးပြု မျိုးစေ့ထုတ်ကုမ္ပဏီများ၏ လိုအပ်ချက်များအရ ထပ်ဆင့်ဖြန့်ဖြူးပေးနိုင်ရေး အဆင့်ဆင့် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

ပြီးခဲ့သည့်နွေရာသီကာလတွင် ရရှိခဲ့သည့် နည်းပညာရပ်ဆိုင်ရာများကို အခြေခံ၍ စပ်မျိုးစပါး နည်းပညာပြန့်ပွားရေး အလုပ်ရုံဆွေးနွေးပွဲကို စိုက်ပျိုးရေးတက္ကသိုလ်၌ ပြုလုပ်သွားရန်နှင့် အိန္ဒိယပညာရှင်များနှင့် ဘာစမာတီ စပ်မျိုးစပါး မျိုးစေ့ထုတ်နည်းပညာ၊ တရုတ်ပညာရှင်များနှင့် ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်နည်းပညာ၊ ဖိလစ်ပိုင်ပညာရှင်များနှင့် စူပါဟိုက်ဘရစ် (Super Hybrid) မျိုးစေ့ထုတ် နည်းပညာများကို အလုပ်ရုံဆွေးနွေးပွဲအတွင်း ခေါင်းစဉ်အလိုက် ပညာရှင်များ အပြန်အလှန် နှီးနှောဖလှယ်ကြပြီး ခိုင်မာသည့် စပ်မျိုးစပါး မျိုးစေ့ထုတ်နည်းပညာတစ်ရပ် ဖော်ထုတ်နိုင်ရေးအတွက် ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း။

နိုင်ငံတော်မှ လက်ငင်းဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာများတွင် လယ်ယာကဏ္ဍက ပြုစုရေးဆွဲတင်ပြကြရမည့် လုပ်ငန်းများကို အချိန်ကိုက် အချက်အလက်ခိုင်မာစွာ ပြုစုတင်ပြဆောင်ရွက်ရန်နှင့် တစ်ချိန်တည်းတစ်ပြိုင်တည်းမှာပင် လက်တွေ့ အကောင်အထည်ဖော်နေကြရသည့် လုပ်ငန်းများကိုလည်း ဟန်ချက်ညီ အချိန်ကိုက် ကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆု ချီးမြှင့်ခြင်းနှင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲကျင်းပ

**နေပြည်တော် မေ ၂၉**

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ စုပေါင်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူနှင့်ဇနီး၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်မောင်အေး၊ ဒေါက်တာဝင်းမြင့်၊ ဒေါက်တာမြင့်အောင်၊ ဒေါက်တာကျော်ကျော်ဌေး၊ ဦးစိုးဦးနှင့် ၎င်းတို့၏ ဇနီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရုံးအဖွဲ့မှူးနှင့် အရာထမ်း၊ အမှုထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၏ ဇနီးဒေါ်လှဲ့လှဲ့ကြည်က ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ပညာရည်ချွန်ဆုနှင့် တက္ကသိုလ်နှင့်အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ငွေများကို လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစိုးဦး၏ဇနီး ဒေါ်တင်တင်မျိုးက အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၈၄ ဦးနှင့် တက္ကသိုလ်ကျောင်းသားကျောင်းသူ ၁၅ ဦး စုစုပေါင်း ၉၉ ဦးတို့အား ပညာသင်ထောက်ပံ့ငွေ၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## နိုင်ငံတကာအနုပညာရပ်ဝန်း

# အင်ဒိုနီးရှားတွင် ဖျော်ဖြေခွင့် ပိတ်ပင်ခံရသည့် လေဒီဂါဂါ

နာမည်ကျော် အမေရိကန် ပေါ့ပ်အဆိုတော် လေဒီဂါဂါသည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တော်၌ ဇွန် ၃ ရက်တွင်ကျင်းပရန် စီစဉ်ထားသည့် ဂီတဖျော်ဖြေပွဲကို မွတ်စလင်ဘာသာရေးအသိုင်းအဝိုင်း၏ ခြိမ်းခြောက်ကန့်ကွက်မှုကြောင့် မေ ၂၇ ရက်က ဖျက်သိမ်းလိုက်ပြီဖြစ်သည်။

လေဒီဂါဂါက ၎င်း၏ တွစ်တာဝက်ဘ်ဆိုက် စာမျက်နှာပေါ်တွင် "ကျွန်မရဲ့ အင်ဒိုနီးရှားနိုင်ငံမှာ ကျင်းပမယ့် ဂီတဖျော်ဖြေပွဲကို ဖျက်သိမ်းလိုက်ပါပြီ။ အဲဒီမှာ ကျွန်မရဲ့ပရိသတ် ၂၅ သန်းလောက်ရှိပါတယ်။ ကျွန်မရဲ့ပရိသတ်တွေအတွက် တကယ့်ကို စိတ်မကောင်းဖြစ်မိပါတယ်"ဟု အတည်ပြုရေးသား ဖော်ပြထားသည်။

ဂီတဖျော်ဖြေပွဲ ကျင်းပရေးအေဂျင်စီ Big Daddy ၏ရှေ့နေ မင်နိုလာဆီဘာယန်းက သတင်းထောက်များကို ပြောကြားရာတွင် "လေဒီဂါဂါ၏ စီမံခန့်ခွဲမှုအပိုင်းအနေနဲ့ ဒီအခြေအနေကို အချိန်နဲ့အမျှ စဉ်းစားသုံးသပ်ခဲ့ပါတယ်။ ခြိမ်းခြောက်မှုတွေကြောင့် ဂီတဖျော်ဖြေပွဲဟာ မမျှော်လင့်ဘဲ ဆိုးကျိုးတွေနဲ့ ကြုံတွေ့ရမှာစိုးရိမ်တဲ့အတွက်ကြောင့် လေဒီဂါဂါဘက်က ဒီဖျော်ဖြေပွဲကို ဖျက်သိမ်းခဲ့ရတာပါ။ ဒါဟာ လေဒီဂါဂါရဲ့လုံခြုံရေးအတွက်သာမကဘဲ သူ့ကို ကြည့်ရှုအားပေးမယ့် ပရိသတ်များရဲ့ လုံခြုံရေးအတွက်ပါ ထည့်သွင်းစဉ်းစားခဲ့တာပါ။ ဒါ့အပြင် လေဒီဂါဂါကလည်း သူ့ကြောင့် ဘယ်သူ့ကိုမှ ထိခိုက်နစ်နာမှုမျိုး မဖြစ်စေချင်လို့ပါ"ဟု ထုတ်ဖော်ပြောကြားသည်။

ယခုလအစောပိုင်းက အင်ဒိုနီးရှားအမျိုးသားရဲတပ်ဖွဲ့က လေဒီဂါဂါ၏ ဂီတဖျော်ဖြေပွဲကျင်းပရေး တောင်းဆိုမှုကို ငြင်းပယ်ခဲ့ပြီး မွတ်စလင်ဘာသာရေး အယူအစွဲပြင်းထန်သူများက လေဒီဂါဂါကို "ဘုရားစီယာနဲ့ အတွင်းခံဘောင်းဘီသာ ဝတ်ဆင်သည့် မကောင်းဆိုးဝါးသံတမန်" ဟုခေါ်ဆိုပြီး ပြင်းပြင်းထန်ထန် ခြိမ်းခြောက် ကန့်ကွက်ခဲ့သည်။

Big Daddy ဥက္ကဋ္ဌ ဒါရိုက်တာ မိုက်ကယ်ရစလီက "ကျွန်တော်တို့ အင်ဒိုနီးရှားအစိုးရနဲ့ ရက်အနည်းငယ် ဆွေးနွေးခဲ့ပါတယ်။ အစိုးရအနေနဲ့ ဂီတဖျော်ဖြေပွဲအတွက် ထောက်ခံချက်သာ ပေးနိုင်ပြီး ခွင့်ပြုချက်ပေးနိုင်ခြင်း မရှိပါဘူး။ ဒါဟာ လေဒီဂါဂါအတွက် အာရှခရီးစဉ်ရဲ့ တတိယမြောက်ကံမကောင်းခြင်းပါဘဲ။ သူဟာ ဖိလစ်ပိုင်နဲ့ တောင်ကိုရီးယားနိုင်ငံများမှ ခရစ်ယာန်ဘာသာရေး အသိုင်းအဝိုင်းများရဲ့ ကန့်ကွက်ခြင်းကိုလည်း ရင်ဆိုင်ခဲ့ရပြီးပါပြီ"ဟု ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံတွင် လေဒီဂါဂါ၏ ဂီတဖျော်ဖြေပွဲလက်မှတ် ၅၂၀၀၀ ခန့် ရောင်းချပြီးဖြစ်ရာ ယခုအခါ ယင်းလက်မှတ်ဖိုးငွေများကို ပြန်အမ်းရတော့မည်ဖြစ်သည်။ လေဒီဂါဂါသည် ၎င်း၏ Born This Way Ball ကမ္ဘာလှည့် ဖျော်ဖြေရေးခရီးစဉ်အရ နယူးဇီလန်နှင့် ဩစတြေးလျသို့ သွားရောက်ဖျော်ဖြေမည်ဖြစ်ပြီး ထိုမှတစ်ဆင့် ဥရောပနိုင်ငံများသို့ ဆက်လက်သွားရောက်မည် ဖြစ်သည်။ အင်တာနက်။

**အောင်မိုးစိုး**

ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ (၂၅) ရက်မှ (၃၁) ရက်ထိ

**ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး**
**ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး**



# ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား Integrated Management Co.,Ltd. မှ Advisor တွေ့ဆုံ

**နေပြည်တော် မေ ၂၉**

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်အား Integrated Management Co.,Ltd. မှ Advisor, Mr. Akihiko Sato သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၌ ခနောက်စိမ်း၊ ခဲမဖြူ သတ္တုသယံဇာတများ တူးဖော်ထုတ်လုပ်ရေး၊ မြန်မာနိုင်ငံနေရာအနှံ့အပြားမှ ထွက်ရှိသည့် ခနောက်စိမ်း သတ္တုများသည် နယ်စပ်များမှတစ်ဆင့် တစ်ဖက်နိုင်ငံများသို့ တရားမဝင် ဝင်ရောက်မှုများကို ထိန်းသိမ်းရေး၊ ခနောက်စိမ်း သတ္တုစင်စက်ရုံ တည်ဆောက်ရေးတို့အတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရင်းနှီးခင်မင်စွာ ဆွေးနွေးကြသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် သတ္တုတွင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဒုတိယဝန်ကြီး ဦးခင်မောင်အေး နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မေ ၂၉**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် ရှမ်းပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူနှင့်အတူ နို့စားနွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မေ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ရှမ်းပြည်နယ်တောင်ပိုင်းရှိ ရပ်စောက်၊ ကလောနှင့် တောင်ကြီးမြို့နယ်တို့အတွင်း ကျေးရွာများသို့သွားရောက်၍ နို့စားနွားမွေးမြူရေး အစုအဖွဲ့များနှင့် တွေ့ဆုံကာ ကျေးရွာနို့စားနွားမွေးမြူရေးကုန်ထုတ်သမဝါယမအသင်းများ ဖွဲ့စည်းခြင်း၊ ချေးငွေထောက်ပံ့ခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ပြီး နို့စားနွားများ၏ ထုတ်လုပ်မှုတိုးတက်စေရေးအတွက် မျိုးမြှင့်သားစပ်ရန်၊ အထွက်တိုးမြက်မျိုးများ စိုက်ပျိုးရန်၊ ကျန်းမာရေးဝန်ဆောင်မှုပေးရန်၊ ဈေးကွက်ချိတ်ဆက်ဖော်ဆောင်ပေးရန် ပြည်နယ်သမဝါယမဦးစီးဌာနနှင့် ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့အား မှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရပ်စောက်မြို့နယ် ဆင်လျောကျေးရွာရှိ နို့ထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းများသို့သွားရောက်ခဲ့ပြီး တစ်ပိုင်တစ်နိုင် နို့ထွက်ပစ္စည်းထုတ်လုပ်သူများအနေဖြင့် ဘေးအန္တရာယ်ကင်းသော အစားအသောက်များ ထုတ်လုပ်နိုင်ရေး၊ အရည်အသွေးကောင်း နို့ထွက်ပစ္စည်းများ စားသုံးမှုတိုးတက်လာခြင်းဖြင့် နွားမွေးမြူသူများ၏ ဝင်ငွေ တိုးတက်လာစေရန်အတွက် ဆောင်ရွက်ရေး မှာကြားခဲ့သည်။

ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်၊ ကလောနှင့် တောင်ကြီးမြို့နယ်များရှိ ကျေးရွာ ခုနစ်ရွာ၌ နို့စားနွားမွေးမြူရေး ကုန်ထုတ်သမဝါယမအသင်း ခုနစ်သင်းအား အသင်းသား ၁၁၃ ဦးဖြင့် ဖွဲ့စည်းပေးခဲ့ပြီး ငွေကျပ် ၅၆ ဒသမ ၅ သိန်း ကို ၁၀ လ ဆပ် ချေးငွေအဖြစ် ထုတ်ချေးပေးခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

# အောက်ဆီဂျင်ဘူး လှူဒါန်း

**နမ္မတူ မေ ၂၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ် သွေးလှူရှင်အသင်း၏ နှစ်ပတ်လည်နေ့ အခမ်းအနားကို မေ ၁၂ ရက် နံနက် ၉ နာရီက မြို့တော်ခန်းမ၌ ကျင်းပရာ မြို့နယ်သွေးလှူရှင်အသင်း နာယက ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မိုးက အသင်း၏ နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဆေးရုံသုံး အောက်ဆီဂျင်ဘူးကို ပေးအပ်လှူဒါန်းရာ ခရိုင်ဆရာဝန်ကြီး ဒေါက်တာတိုးတိုးက လက်ခံယူပြီး သွေးလှူရှင်အသင်းအတွက် လိုအပ်သော ဆေးဝါးများကို ပြန်လည်လှူဒါန်းခဲ့ကြောင်း သိရသည်။ (ကြေးမုံ)



**The Lions Clubs, Japan က နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ငွေပဒေသာပင်အတွက် ကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

# ပရိယတ္တိသာသနာနှင့် နယုန်လ သမယမဟာ

ဝိသဇ္ဇက(ပဲခူး)

**"...နွေသနစ်ပေမို့၊ ရေမြစ်ကယ်သီတာဝယ်၊ ဖီလာလာစုံခြေနှင့်၊ ရဂုံနေသာဟန်မို့၊ ခါဂိမှာန်မေထုန်ကို၊ သိန်တပုံသွင်ထူးပြန်တော့မတဲ့၊ မင်းဖူးရောင်..."**

"ရာသီကနွေရာသီဖြစ်ပါလျက် ရေတွေက အရှေ့၊ အနောက်၊ တောင်၊ မြောက် ဖီလာထုတ်ပေါက် တဖွေးဖွေးနှင့် ရှိနေတော့သည်။ စုံခြေတစ်လျှောက် အပြိုင်ပေါက်နေသည့် သစ်ပင်တို့ကလည်း ရွေးကနှင့်မတူ ရွက်ညွန့်တွေ တလူလူနှင့် သူနိုင်ငါနိုင် အလှချင်းပြိုင်ကာ ဂနိုင်တစ်ခိုမှာ စိုပြည်သာယာလှပါဘိတော့သည်။ ကောင်းကင်တစ်ခွင်ဆိုမင်ခဲတောင်ကြီးပြိုသလို မှိုင်းလို့သာညိုတော့သည်။ ရာသီမေထုန်ဤလနယုန်သည် မိုးဒေဝါနှင့်ယဉ်ပါးဆက်ဆံပြီး သွင်ပုံတော်အသစ်နှင့် ဘဝသစ်ထူထောင်နေသည်အလား ရှိနေပါတော့၏"ဟု အနက်အဓိပ္ပာယ်ရှိဖွယ်ရာသော ကုန်းဘောင်ခေတ်တွင် ထင်ရှားသည့်စာဆိုကျော် ဦးမင်းက သူ၏တွေ့ကြုံခဲ့သည့် ရာသီမေထုန်လနယုန်မှ ဖြစ်သနစ်ပုံရိပ်တို့ကို မြင်စေထင်စေအောင် ဖော်ကျူးထားခဲ့သည်။

နယုန်လကား နွေရာသီ၏ နွေနှောင်းလနွေစွန်လဖြစ်သည်နှင့်အညီ ကဆုန်လ၏ အပူရှိန်သည် နယုန်လသို့ရောက်လေလျှင် လက်မြောက်အရှုံးပေးစပြုလာ၏။ နယုန်မိုးသေး မြက်သားမွေးဟု စကားစဉ်ရှိသော်လည်း ယေဘုယျအားဖြင့် နယုန်မိုးသည် မိုးဦးနိဒါန်းမျှသာဆိုနိုင်သည်။ ရွာလတ္တံ့သော အနာဂတ်မိုးများနှင့်နှိုင်းစာလျှင် မိုးသေးမိုးဖွဲဟု တင်စားဖွယ်ရှိချေ၏။

နယုန်မိုးသေးဟု တင်စားကြသော်လည်း အခါခပ်သိမ်း မိုးသေးမဟုတ်ပေ။ တစ်ခါတစ်ရံ မြစ်ရေတိုး၊ ကွင်းရေလျှံသည်အထိ ရွာသွန်းတတ်သည်။ ထို့ကြောင့် မြစ်ချောင်းနားနေသူတို့အဖို့ ကြောက်ဖွယ်မိုးပင်ဖြစ်တတ်ချေ၏။ "သူယုတ်၏သား၊ ရမ်းကားတတ်စွ၊ မိုက်မာနနှင့်၊ ဒေါသဟုန်ဟုန်၊ တပြင်သုန်ဖြင့်၊ နယုန်ရေရှူး၊ ရေဦးရေလွှင်၊ ရေသမင်သို့၊ လျှင်လျှင်တုပ်တုပ်၊ သိမ်းချုပ်မတည်း၊ လိမ္မာနည်း၏"ဟူ၍ မာဃဒေဝလင်္ကာသစ်ကြီး၌ သူယုတ်၊ သူမိုက်တို့ဖြင့် ဥပမာနှိုင်းကာ နယုန်ရေရှူးဟု ပြဆိုခဲ့သည်။

မင်းလှရာဇကျော်ထင်က အဘိရုကပျို့တွင်"..နယုန်တွင်မူ၊ ခုံမင်ထပ်ရစ်၊ ပြက်လျှပ်စစ်နှင့် နတ်ပဇ္ဇုန္န၊ အမ္ဗုန္န တို့၊ ခုန်ကရေပန်း၊ ကြဲလေဖျန်း၏၊ ပန်းယုတိကာ၊ သူမနာလည်း၊ သင်းစွာလှိုင်စေ၊ ကြိုင်လွင့်ကြွေလျက်၊ မြိုင်ခြေပျို့ပျို့ညို့ရရို့တည့်.."ဟူ၍ မိုးသေးမိုးဖွဲ၊ ရေရှူးတို့နှင့်အပြိုင် ပွင့်ငုံလေ့ရှိသော ရာသီပန်းကို ပါဠိစကားလုံးများဖြင့် ယုထိက ဇွန်ပန်း၊ သုမနာ မြတ်လေးပန်းဟူသော စံပယ်ပန်းအနွယ်ကို ရာသီပန်းအဖြစ် ဖွဲ့ဆိုထား၏။ ထိုပန်းတို့သည် ဆေးဖက်ဝင်ကြောင်းကို မြန်မာ့ဆေးကျမ်းအဖုံဖုံ၌ ဖော်ပြထားသည်ကို တွေ့ရှိနိုင်၏။

ဤနယုန်လသည် ဇိနတ္ထပကာသနီကျမ်း၌ သိဒ္ဓတ္ထမင်းသားကိုဖွားမြင်၍ တစ်လမြောက်သောအခါ ခမည်းတော်မင်းတရားသည် များစွာသော မှူးမတ်ဗိုလ်ပါအခြွေအရံတို့နှင့် ထွက်ချီစံပယ်၍ လယ်ထွန်မင်္ဂလာပြုတော်မူသည်။ ရှေးခေတ်အခါက ဘုရင်မင်းများသည်လည်း လယ်ထွန်မင်္ဂလာပွဲပြုလုပ်ကာ စိုက်ရေးပျိုးရေး အားပေးခဲ့ကြသည်။ "ဆဒ္ဒန်ရှင်ရွှေထွန်နှင်တယ် ကျွန်းခွင်ကအေးလေ့"အစချီသည့် သံတော်ဆင့်မြို့စား ဦးစီ၏ဖွဲ့ဆိုထားသော ဗုံကြီးသံကိုလေ့လာခြင်းဖြင့် သိရှိကြပေမည်။

"နယုန်"ဟူသော ဝေါဟာရတွင် 'န'သည် အချိန်ကာလဖြစ်၏။ "ယုန်"သည် မြန်မာ့ရှောင်းရင်း ဘာသာစကားအရ "မိုးရွာခြင်း"ဟု အနက်ထွက်၏။ နယုန်လသည် မိုးရွာသောကာလဟု မှတ်ယူကြ၏။

ပုဂံခေတ်၊ အင်းဝခေတ်၊ ကျောက်စာတို့၌ နံယုန်၊ နယုန်၊ နမျုန်ဟု အမျိုးမျိုးရေးထိုးခဲ့ကြသည်။ ဒုတိယရှင်ပုညကာမိစီရင်သော ဘုန်းမီးတက်လျှံချီမှန်စီသတ်ပုံတွင် "တန်ခူးကဆုန်၊ လနမျုန်၊ ကြိုးသုန်သုန်၊ နယုန်နသတ်မြန်း"ဟု လည်းကောင်း၊ သက္ကရာဇ် ၁၀၈၈ ခုနှစ်ပြီးသည့် သီရိမင်္ဂလာသတ်ပုံတွင် "ကဆုန်နမျုန်၊ ကြိုးသုန်သုန်၊ နယုန်နသတ်မြန်း"ဟုလည်းကောင်း လာရှိသည်တို့ကိုထောက်လျှင် ဒုတိယအင်းဝခေတ်၌ "နမျုန်"ဟုလည်း အရေးအသားရှိကြောင်း သိရ၏။

ပညာရှိတို့က နယုန်၏ရင်းမြစ်မှာ "နရယုဂ"ဟူသော ပါဠိပုဒ်မှ နရယုဂသဒ္ဒါပျက်၍ နယုန်ဖြစ်လာသည်ဟုဆို၏။ မေထုန်ရာသီ၏ အမည်များကို ရာဇမတ္တဏ်ကျမ်းရာသီဘိဓာနအပိုင်း၌ ဇိတုမ၊ မိထုန၊ နရယုဂဟု သုံးမျိုးပြဆိုထားသည်။ ထိုသုံးမျိုးတွင် "နရယုဂ"မှ မေထုန်ရာသီ၏ နာမည်တစ်မျိုးဖြစ်၏ဟုဆိုသည်။ အဓိပ္ပာယ်မှာ မိန်းမယောက်ျားအစုံ (နရ=လူ+ယုဂ=အစုံ)ဟု ဆိုလို၏ဟု ဝေါဟာရလီနတ္ထဒီပနီကျမ်း၌ ပြဆိုထား၏။ ထိုကျမ်းဆရာ၏အလိုမှာ မေထုန်ရာသီသည် နရယုဂသဒ္ဒါ နရယုဂ်ဖြစ်လာပြီး နရယုဂ်မှ နယုန်ဖြစ်လာကြောင်းဆို၏။

ဤနယုန်လသည် အင်္ဂလိပ်လအားဖြင့် ဇွန်လနှင့် တိုက်ဆိုင်လျက်ရှိသည်။ ဇွန်လသည် ဤခေတ်ပြက္ခဒိန်တွင် ဆဋ္ဌမမြောက်လဖြစ်သည်။ ရှေးခေတ်ရောမပြက္ခဒိန်တွင် စတုတ္ထလဖြစ်၍ ဘီစီ- ၄၅၂ တွင် ရောမပြက္ခဒိန်ကို ပြုပြင်ရေးဆွဲသည့်အချိန်မှစ၍ ဆဋ္ဌမလဖြစ်လာခဲ့သည်။ ဇွန် (June)ဟူသည် Juno (ဂျူနို)နတ်သမီး၏ အမည်ကို ရည်ညွှန်းမှည့်ခေါ်သောအမည်ဖြစ်သည်။ Juno (ဂျူနို) နတ်သမီးသည် ရောမလူမျိုးတို့၏ အချစ်ရေး၊ အိမ်ထောင်ရေးနတ်မိမယ်အဖြစ် ယုံကြည်ကိုးကွယ်ကြသော နတ်သမီးဖြစ်သည်။ အမျိုးသမီးများအခက်အခဲပြဿနာနှင့် ရင်ဆိုင်ရသည့်အခါ ယင်းနတ်မိမယ်ကိုပသ၍ ဆုတောင်းကြသည်ဟုဆိုသည်။ ထို့ပြင် လက်တင်စကားအရ June ဟူသောအမည်ဖြင့် "Inuiores"မှ ဆင်းသက်လာသောစကားဖြစ်၍ အဓိပ္ပာယ်မှာ "နုပျိုခြင်း"ကို ညွှန်းဆိုခြင်းဖြစ်လေ၏။ ဇွန်လသည် မြန်မာနိုင်ငံတွင် မုတ်သုံကျရောက်ပြီး မိုးရွာနေပြီဖြစ်၏။ လယ်ယာလုပ်ငန်းခွင်၌ ထွန်ယက်စိုက်ပျိုးရေးစနေကြပြီ။

ယင်းသို့ စိုက်ရေးပျိုးရေးကို အားထားကြသည်နှင့်အညီ နယုန်လသည် စာတော်ပြန်ပွဲကျင်းပသော လလည်းဖြစ်သည်။ စာတော်ပြန်ပွဲကို ဒုတိယအင်းဝခေတ် သာလွန်မင်းတရားကြီးလက်ထက် သက္ကရာဇ် ၁၀၀၀ ပြည့်နှစ်ကစတင်၍ ကျင်းပခဲ့သည်ကို မှန်နန်းရာဇဝင်တတိယတွဲ (၂၃၉) တွင်-

"သက္ကရာဇ် ၁၀၀၀ ပြည့်နှစ်တွင် ကျမ်းဂန်သင်ကြားသော သာမဏေတို့ကို သင်ကျမ်းကို ဆရာတို့မေးရသည်။ အနက်အဓိပ္ပာယ်ကိုဆိုနိုင်သော သာမဏေတို့ကို ပဉ္စင်း ၁၀၈ ပါး၊ သာမဏေခုနစ်ပါး၊ ထိုနှစ်ကဆုန်လဆန်း ၁၄ ရက် (တနင်္ဂနွေနေ့) မွန်းတည့်ကျော် ၂ နာရီ သုံးပါဒ်တွင် ပဉ္စင်းခံတော်မူသည်"ဟူ၍ လာရှိ၏။ ထို့ကြောင့် အင်ရုံစာထမ်းခေါ် လောကဗျူဟာကျမ်းတွင် အင်ရုံဝန်ကြီးက အင်းဝမင်းများ နယုန်လတွင်စာတော်ပြန်ပွဲသဘင် ဆင်ယင်ကျင်းပပုံကို စုံလင်စွာဖော်ပြထား၏။ သို့ဖြစ်၍ ရှေးခေတ်ရှေးအခါက နယုန်လတွင် စာတော်ပြန်ပွဲကျင်းပသော အစဉ်အလာရှိခဲ့သည်။

ပုဂံအနော်ရထာ(အနုရုဒ္ဓ)ဘုရင်မှစ၍ ရှေးမြန်မာဘုရင်အဆက်ဆက်တို့သည် ထေရဝါဒဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ၏။ မိမိတို့လက်ထက်တော်အခါတွင် သာသနာတော် ပြန့်ပွားတိုးတက်ထွန်းကားရေးကို စွမ်းအားရှိသရွေ့ ချီးမြှောက်အားပေးခဲ့ကြခြင်းဖြစ်မည်။

သာသနာတော်သုံးရပ်တွင် "ပရိယတ္တိ" သာသနာတော်သည် အရေးအကြီးဆုံး၊ အခြေခံအကျဆုံးဖြစ်၍ ပရိယတ္တိသာသနာတော်တည်မှ ကျန်သာသနာများ တည်တံ့နိုင်ရကား၊ ပရိယတ္တိသာသနာသည် သာသနာသုံးရပ်၏ အသက်သွေးကြောဖြစ်၏။

ရှေးခေတ်ရှေးအခါက ဖြစ်ထွန်းနေသော ဘုန်းကြီးကျောင်းပညာရေးကိုလည်း အထူးအားပေးသကဲ့သို့ ဖြစ်သည်။ ထိုဘုန်းတော်ကြီးကျောင်းပညာရေးက မွေးထုတ်ပေးလိုက်သော ပညာရှင်များကိုလည်း လောကီလောကုတ်သာသနာနှစ်ဖြာလုံးတွင် အသုံးချခဲ့ကြသည်။ ထို့အတွက်ကြောင့် ရှေးခေတ်ကပင် ပရိယတ္တိသာသနာ တိုးတက်ပြန့်ပွားရန်နှင့် ပညာရှင်များထွန်းကားလာရန်ဟူသောဆန္ဒဖြင့် စာတော်ပြန်ပွဲကို နယုန်လ၏ ရာသီပွဲတော်အဖြစ် တခမ်းတနားပြုလုပ်ကျင်းပခဲ့ခြင်းဖြစ်မည်ဟူ ယူဆသည်။

စာတော်ပြန်ပွဲသည် တိုင်းပြည်၏သာသနာရေး၊ နိုင်ငံရေး၊ ပညာရေးနှင့် အုပ်ချုပ်ရေးဘက်တွင် လိမ္မာကျွမ်းကျင်သော ပညာရှင်များကို ရွေးထုတ်ပေးသော ရှေးခေတ်ပညာရှင်ရွေးပွဲပင်ဖြစ်၏။ မြန်မာ့တက္ကသိုလ် စာမေးပွဲဖြစ်သကဲ့သို့ ထိုစာတော်ပြန်ပွဲများမှ လူကောင်းလူတော်ပညာရှင်များကိုရွေးထုတ်ပြီး လွှတ်တော်၊ ရုံးတော်၊ ဗြဲတိုက်တော်တို့တွင် တာဝန်ပေးခြင်းခံရသည်။ အချို့သော လူကောင်းလူတော်များသည် ရာထူးကြီးများကိုပင် တိုက်ရိုက်ရကြ၏။ ပညာရှိဆိုသည်မှာ လောကရေး၊ ရာဇရေး၊ ဓမ္မရေးတို့တွင် တစ်ဖက်ကမ်းခပ်တတ်မြောက်သော ပါရဂူတို့သာများသည်။ တွင်းသင်းမင်းကြီး၊ ကင်းဝန်မင်းကြီး၊ ပခန်းဝန်ကြီးစသည်တို့သည် ရဟန်းအဖြစ်မှ လူဝတ်လဲပြီး နန်းတော်သို့ရောက်ကြကာ အုပ်ချုပ်ရေးယန္တရားများကို လည်ပတ်စေသော ပုဂ္ဂိုလ်များပင်ဖြစ်၏။

နယုန်လတွင် စာတော်ပြန်ပွဲသဘင်ကျင်းပခြင်းမှာ နယုန်လသည် သာသနာ့ဝန်ထမ်းရှင်ရဟန်းများအဖို့ စာသင်နှစ်၏ နောက်ဆုံးလဖြစ်သောကြောင့်ဖြစ်၏။ စာသင်နှစ်ပထမလမှာ ဝါဆိုလဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံးရှိ ဆရာတော်၊ သံဃာတော်များသည် ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် ဝါဆိုတော်မူ၏။ ထို့နောက် စာဝါအသစ်များကို စတင်ပို့ချ သင်ယူကြသည်။ ဝါတွင်းကာလမှ တစ်ရပ်တစ်ပါးသို့ ညဉ့်အိပ်ခရီးမသွားရ၍ အချိန်ရှိသရွေ့စာပေပို့ချလေ့လာဆည်းပူးနိုင်သော အချိန်ဖြစ်၏။ ထို့ကြောင့် စာသင်နှစ်၏ နောက်ဆုံးလဖြစ်သော နယုန်လရာသီတွင် စာတော်ပြန်ပွဲကျင်းပခြင်း ဖြစ်ပေမည်။

ဤကဲ့သို့ နယုန်လတွင် စာတော်ပြန်ပွဲကို ကျင်းပခဲ့သည်မှာ သာသနာ့အာဇာနည်များပေါ်ထွက်ရန် ရည်သန်ကျင်းပကြခြင်းဖြစ်သည်။ ယခုအခါမှာလည်း နိုင်ငံတော်က စဉ်လာမပျက် ဆောင်ရွက်အားပေးလျက်ရှိ၏။

နယုန်လ၏ ထူခြားသောလက္ခဏာမှာ ကပိလဝတ်၊ ဒေဝဒဟနှင့် ကောလိယ သုံးမြို့သည် ဂေါတမဘုရားရှင်၏ သာကီဝင်မျိုးနွယ်တို့နေထိုင်ကြသော မြို့တော်ကြီးများဖြစ်သည်။ သူ့မြို့သူ့နိုင်ငံအဖြစ် အချုပ်အာဏာကို ပိုင်ဆိုင်ထားကြသည်။ လယ်ယာစိုက်ပျိုးရေးတွင် ရောဟိနီမြစ်ရေကို အဓိကထားကြသည်။ ရောဟိနီမြစ်သည် ဟိမဝန္တာမှစီးဆင်းကာ ကပိလဝတ်နှင့် ကောလိယနှစ်မြို့ကြားမှ ဖြတ်သန်းလေသည်။ ထိုနှစ်တွင် မိုးခေါင်သောကြောင့် နှစ်နိုင်ငံလယ်သမားများအတွက် ရေလုံလောက်စွာ မရတော့ပေ။ ရေရှားပါးမှုကြောင့် အချင်းများ၍ စစ်ခင်းမည့်အခြေအနေသို့ ရောက်ရှိလာခဲ့လေသည်။

ထိုစဉ်တွင် မြတ်စွာဘုရားရှင်သည် ကောင်းကင်ယံမှ ကြွရောက်လာတောမူလျက် ငြိမ်းချမ်းရေးတရားမြတ်ဖြစ်သော ဇာတ်တော်(၅)ဇာတ်ကို ဟောကြားတော်မူ၏။ ထို့နောက် မဟာဝုန်တောသို့ကြွရောက်ကာ နယုန်လပြည့်နေ့တွင် စကြဝဠာတစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းအား မဟာသမယသုတ်တော်ကို ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။ "မဟာ"သည် ကြီးကျယ်ခြင်း၊ မြင့်မြတ်ခြင်းဖြစ်၍ "သမယ"သည် အချိန်အခါဖြစ်လေသည်။ မဟာသမယသည် နတ်ဗြဟ္မာအပေါင်း၏ ကြီးကျယ်မြင့်မြတ်သော အစည်းအဝေးအချိန်အခါဟု အနက်ရလေသည်။ ဤသို့ဖြင့် မြတ်စွာဘုရားရှင်သည် နတ်ဗြဟ္မာအပေါင်းအား မည်သည့်အရပ်မှမည်မျှသောနတ်များ လာရောက်ကြသည်ကို ကြေညာတော်မူခြင်းဖြစ်သည်။ ယင်းသို့ ကြေညာတော်မူသည့် စကားတော်ကို "မဟာသမယသုတ်" ဟူသောအမည်ဖြင့် သင်္ဂါယနာတင်တော်မူခဲ့၏။

မဟာသမယသုတ်တော်များကို အမြဲမပြတ်ဟောရွတ်ပါက နတ်ဗြဟ္မာတို့ လွန်စွာချစ်မြတ်နိုးကုန်၏။ အဘယ်မှာနာကြားရပါအံ့နည်းဟု အမြဲနားစိုက်စုံစမ်းကုန်၏။ အိမ်သစ်၊ ရွာသစ်၊ မြို့သစ်တည်ရာဌာနတို့၌ ပဓာနအားဖြင့် ဟောရွတ်ထိုက်၏။ သရဇ္ဈာယ်ထိုက်၏ဟု ကျမ်းဂန်များ၌ ဖော်ပြထား၏။

တချို့သူများ နေ့စဉ်ရွတ်ဖတ်လျက်ရှိသည့် မဟာသမယသုတ်တော်မှာ နတ်ဗြဟ္မာအပေါင်းအား မည်သည့်အရပ်မှ လာရောက်ကြသည်ကို နှုတ်ခွန်းဆက်အနေဖြင့် မြတ်ဘုရား၏ ပဋိသန္ထာရပြုကာ ကြေညာတော်မူသော သုတ်မျှသာဖြစ်ပေသည်။ ထိုမဟာသမယသုတ်ကို ရွတ်ဖတ်ရုံမျှဖြင့် နတ်ဗြဟ္မာတို့ ချစ်သည်၊ စောင့်ရှောက်သည်ဟု ယုံကြည်ကြလျှင် နတ်ဗြဟ္မာများနိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတို့ဖြစ်သော **သမ္မာပရိဗ္ဗာဇနိယ** စသော မဟာသမယသုတ်ခြောက်သုတ်ကို အမြဲမပြတ်ဟောရွတ်ပါက ဆိုဖွယ်ရာမရှိတော့ပေ။

မဟာသမယသုတ်တော်များသည် မြတ်စွာဘုရားရှင်၏ အဆုံးအမဩဝါဒများပင်ဖြစ်သည်။ ထိုအဆုံးအမများမှ သီလကိုအစ၊ သမာဓိကိုအလယ်၊ ပညာကိုအဆုံးထား၍ သမထမှု၊ ဝိပဿနာမှုတို့အား မမေ့မလျော့ဘဲ ဓမ္မာနုဓမ္မပဋိပတ်ကိုကျင့်လျက် ဓမ္မပူဇာဖြင့် မြတ်ဘုရားရှင်ကို ပူဇော်ရာ၏။

ဤနယုန်လရာသီတွင် ဖခမည်းတော်လယ်ထွန်မင်္ဂလာပြုရာတွင် သပြေပင်ရိပ်၌ ဈာန်ဝင်စားတော်မူခဲ့သော အလောင်းတော်သိဒ္ဓတ္ထမင်းသားလေးကို မြင်ယောင်ကြမည်ဖြစ်၏။ သာသနာတော်၏ အခြေခံဖြစ်သော ပရိယတ္တိစာပေသင်ကြားသည့် ရဟန်းတော်တို့ကို ဆုများဆက်ကပ်ကြသည်ကိုလည်း တွေ့ကြရမည်ဖြစ်၏။ ဆေးဖက်ဝင်သည့် မြတ်လေးပန်းတို့ သင်းလှိုင်လျက်လည်းရှိ၏။ ကောင်းကင်က ရွှေပိန်ညှင်းမိုးခေါ်လို့ဆင်းကာ ထွန်ရေးထယ်ရေးပြုသည့် တောင်သူလယ်သမားတို့ကို မြင်ရမည်ဖြစ်၏။ အထူးခြားဆုံးအချက်ကား သုံးလောကထွတ်ထားမြတ်ဘုရားရှင်သည် လူနတ်ဗြဟ္မာတို့အား မေတ္တာကရုဏာထား၍ ဟောကြားအပ်သော "မဟာသမယသုတ်" ရွတ်ဖတ်သရဇ္ဈာယ်သံတို့ပင် ဖြစ်ပေသတည်း။ ။

# ဒုတိယဝန်ကြီး ဦးစိုးဝင်းနှင့် ဒုတိယဝန်ကြီး ဦးဘရွှေတို့အား တရုတ်နိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ



**နေပြည်တော် မေ ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဘရွှေတို့အား တရုတ်နိုင်ငံ The Mirror မဂ္ဂဇင်းနှင့် တရုတ်နိုင်ငံ မြန်မာနိုင်ငံနည်းပညာနှင့်ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း ညွှန်ကြားရေးမှူး မစ္စတာချွေးဆေးဟိုးနှင့်အဖွဲ့သည် ယနေ့ နံနက် ၁၁ နာရီတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်း၌ လာရောက် တွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် တရုတ်နိုင်ငံ The Mirror မဂ္ဂဇင်းသည် အာရှ၊ ဥရောပ အပါအဝင် ကမ္ဘာအရပ်ရပ်သို့ ထုတ်ဝေဖြန့်ဝေလျက်ရှိသဖြင့် မြန်မာနိုင်ငံ၏ တိုးတက်ဖြစ်ထွန်းမှုနှင့် ပြုပြင်ပြောင်းလဲမှု သတင်းများကို ဖော်ပြပေးလိုသည့် အခြေအနေနှင့် လက်ရှိမြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲနေသော ပညာရေးကဏ္ဍတွင် ပူးပေါင်းပါဝင်ကူညီပေးလိုသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တစ်ဖက်နိုင်ငံမှဝင်လာသော စားသုံးဆီများ စားသုံးရန်မသင့်ကြောင်း FDA စစ်ဆေးတွေ့ရှိ

**မန္တလေး မေ ၂၉**

မန္တလေးဈေးကွက်သို့ မူဆယ်နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်လာသော တာတုံးယုံအမည်ရှိပီပါဆီ၊ ရှောက်မိုင်းယန့်အမည်ရှိ ပလတ်စတစ်အကြည်ဘူးဖြင့်ထည့်ထားသော သုံးကီလိုဝင် ပဲဆီ၊ ဂျင်းလီအမှတ်တံဆိပ် ပဲဆီတို့အား နမူနာများယူ၍ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ ဓာတ်ခွဲစစ်ဆေးရာ စားသုံးရန်မသင့်ကြောင်း တွေ့ရှိရသည်။

တစ်ဖက်နိုင်ငံမှ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာသော စားသုံးဆီများသည် အဆိုပါနိုင်ငံရှိ ဆီစက်များ၏ ဘေးထွက်ပစ္စည်းများအား ဓာတုဗေဒနည်းဖြင့် အရောင်ချွတ်ကာ ပဲဆီအနံ့သွင်းထားသော စားသုံးဆီအတုများဖြစ်ကြောင်း သိရသည်။

မောင်စေတနာ (မန္တလေး)



# သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ရေသယ်ယာဉ်များဖြင့် ဖြန့်ဝေ

**မန္တလေး မေ ၂၉**

မန္တလေးမြို့တွင် နေ့အပူချိန်များမြင့်တက်လာခဲ့သဖြင့် ရပ်ကွက်များအတွင်းရှိ ရေတွင်းရေကန်များ ရေခန်းခြောက်ခြင်းနှင့် လျှပ်စစ်ဓာတ်အားများပုံမှန်မရသဖြင့် စက်ရေတွင်းများမှ မြေအောက်ရေများပုံမှန်မရခြင်းတို့ကြောင့် မြို့နေပြည်သူများ ရေပြတ်လပ်မှုမရှိစေရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ နေ့စဉ်အောင်မြေသာစံမြို့နယ် ဘုန်းတော်တိုးရပ်ကွက် အိမ်ထောင်စုများသို့ ရေဂါလန် ၁၂၀၀၊ ပြည်ကြီးတံခွန်မြို့နယ်(ခ) ရပ်ကွက်အိမ်ထောင်စုများအတွက် ရေဂါလန် ၁၂၀၀၊ မဟာအောင်မြေမြို့နယ် မဟာမြိုင်(၁)(၂)၊ ဟေမမာလာ(တောင်)၊ သံလျက်မော် အရှေ့၊ အနောက်ရပ်ကွက်များသို့ ရေဂါလန် ၇၂၀၀ ၊ ချမ်းမြသာစည်မြို့နယ် အောင်သာယာရပ်ကွက် ပြည်သူများအတွက် ရေဂါလန် ၁၈၀၀ ၊ ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက်၊ မြရည်နန္ဒာရပ်ကွက်များသို့ ရေဂါလန် ၃၆၀၀၊ ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင် ရပ်ကွက်ပြည်သူများအတွက် ရေဂါလန် ၂၄၀၀၊ ချမ်းအေးသာစံအလယ်ရပ်ကွက်သို့ ရေဂါလန် ၁၆၀၀နှင့် ချမ်းအေးသာစံအရှေ့ရပ်ကွက်သို့ ရေဂါလန် ၁၆၀၀ ကို ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ အခမဲ့ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**(ဝဲပုံ)**

သီဟကိုကို(မန္တလေး)

# ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ နော်ဝေနိုင်ငံခြားရေး ဒုတိယဝန်ကြီးနှင့်အဖွဲ့၊ ကေအင်န်ယူအဖွဲ့အစည်းမှ တာဝန်ရှိသူများ ကျောက်ကြီး၌ တွေ့ဆုံ၍ ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းစဉ်များ အပြန်အလှန်ဆွေးနွေးပြောကြား

နေပြည်တော် မေ ၂၉

**ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် မေ ၂၈ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့ရှိ ကေအင်န်ယူဆက်ဆံရေးရုံး(ကျောက်ကြီး)၌ နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Torgeir Larsen နှင့် အဖွဲ့အား တွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့်အတူ ပဲခူးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးဘေဘီအုန်း၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလူပလီစံလှ၊ ကေအင်န်ယူ စစ်ဘက်ရေးရာ ကော်မတီအတွင်းရေးမှူး ဗိုလ်မှူးကြီး စောတူးတူးလေးနှင့် တာဝန်ရှိသူများ၊ ကျောက်ကြီးမြို့နယ်အတွင်းရှိ ရွှေ့ပြောင်းနေထိုင်သူ ကိုယ်စားလှယ်များ၊ ဒေသခံရပ်မိရပ်ဖများ၊ ပြည်တွင်း ပြည်ပ သတင်းမီဒီယာများ တက်ရောက်ကြပြီး ဧည့်သည်တော် ဒုတိယဝန်ကြီး Mr. Torgeir Larsen နှင့် အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး Ms. Katja Nordgaard တို့ တက်ရောက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်ရေးအတွက် ပဋိပက္ခများအဆုံးသတ်ရေးသည် အရေးကြီးဆုံးဖြစ်ကြောင်း၊ ပဋိပက္ခအဆုံးသတ်ပြီး အဖွဲ့အစည်းအားလုံး တူညီသည့်ရည်မှန်းချက်ဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယနေ့ ကေအန်ယူ တပ်မဟာ(၃) နယ်မြေတွင် မိမိတို့ တိုင်းရင်းသားညီအစ်ကိုများ အကြောင်းအမျိုးမျိုးကြောင့် ပြည်တွင်းရွှေ့ပြောင်းနေထိုင်ကြသူများအတွက် စနစ်တကျ နေရာချထားပေးနိုင်ရေးကို ရှေးဦး စမ်းသပ်စီမံချက်အဖြစ် ပထမဆုံးဆောင်ရွက်နိုင်ခြင်းအတွက် ဝိုင်းဝန်းကူညီပေးသော အဖွဲ့အစည်းများကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း။

ယခုတွေ့ဆုံပွဲတွင် တည်ဆဲဥပဒေအရ မွေးရာပါ နိုင်ငံသားအခွင့်အရေးရရှိပြီးဖြစ်သည့် ညီရင်းအစ်ကို ကရင်တိုင်းရင်းသားများအတွက် အမျိုးသားမှတ်ပုံတင်ကတ်ပြားများကို တစ်ပါတည်းထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ ကျောက်ကြီးဒေသအတွင်း ကျန်ရှိနေသေးသည့် တိုင်းရင်းသားများကိုပါ ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကျန်ဒေသများရှိ အကြောင်းအမျိုးမျိုးကြောင့် ရွှေ့ပြောင်းနေထိုင်သူများ၊ အကြောင်းအမျိုးမျိုးကြောင့် တစ်ဖက်နိုင်ငံ၌ ရွှေ့ပြောင်းနေထိုင်ကြသည့် တိုင်းရင်းသားများကိုလည်း ပြန်လည်ပေါင်းစည်းရေး၊ နိုင်ငံသားပြုရေးလုပ်ငန်းများကို အဆင့်ဆင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ကတ်ပြားများထုတ်ပေးခြင်းသည် ယနေ့ဆောင်ရွက်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အသီးအပွင့်တစ်ခုကို ခံစားခွင့်ရရှိခြင်းဖြစ်ပါကြောင်း၊ ထာဝရငြိမ်းချမ်းရေးအတွက် အားလုံးက တက်ညီလက်ညီ စုပေါင်းအားဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း စသည်ဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နော်ဝေနိုင်ငံမှ Mr. Charles Petrie က လုပ်ငန်းဆိုင်ရာများ ဖြည့်စွက်ပြောကြားပြီး ကေအင်န်ယူစစ်ဘက်ရေးရာကော်မတီအတွင်းရေးမှူးက နိုင်ငံတော်အစိုးရနှင့် ကေအင်န်ယူတို့အကြား အောင်မြင်သော ငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းဆောင်ရွက်နေမှုနှင့် ကျောက်ကြီးဒေသ၌ ပြည်တွင်း



ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ကျောက်ကြီးမြို့ရှိ ကေအင်န်ယူဆက်ဆံရေးရုံး(ကျောက်ကြီး)၌ နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Torgeir Larsen နှင့်အဖွဲ့နှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရွှေ့ပြောင်းနေထိုင်သူများ အကျိုးဖြစ်ထွန်းစေမည့်အစီအစဉ်များ ဆောင်ရွက်ပေးနိုင်ရေး အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် နော်ဝေနိုင်ငံ ဒုတိယဝန်ကြီးတို့က လိုအပ်သည်များ ထပ်မံဖြည့်စွက်ညှိနှိုင်းဆွေးနွေးဆောင်ရွက်ပေးကြသည်။

ထို့နောက် ဒေသခံရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးဝင်းလွင်က ကျောက်ကြီးဒေသရှိ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူ ကိုယ်စားလှယ် ၃၆ ဦးအား အမျိုးသား မှတ်ပုံတင်ကတ်ပြားများ ပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် သတင်းစာရှင်းလင်းပွဲကို အဆိုပါရုံး၌ ဆက်လက်ကျင်းပရာ တက်ရောက်လာကြသည့် ပြည်တွင်း/ပြည်ပသတင်းထောက်များက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဗိုလ်မှူးကြီးစောတူးတူးလေးတို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား FIFA နှင့် နယူးယောက်မြို့ UNICEF Headquarters တို့မှ ဧည့်သည်အဖွဲ့များ သီးခြားစီတွေ့ဆုံ

နေပြည်တော် မေ ၂၉

**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) မှ FIFA Chief Medical Officer, Mr. Jiri Dvorak ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် လည်းကောင်း၊ အမေရိကန်နိုင်ငံအခြေစိုက် နယူးယောက်မြို့ UNICEF Headquarters မှ Chief, HIV/AIDS-Mr.Craig McClure ဦးဆောင်သောအဖွဲ့သည် မွန်းလွဲ ၂ နာရီတွင် လည်းကောင်း အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံကြသည်။**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(FIFA)နှင့် တွေ့ဆုံရာတွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ လူမှုဖွံ့ဖြိုးရေး အစီအစဉ်အရ ဆောင်ရွက်မည့် လူမှုဖွံ့ဖြိုးရေးနယ်ပယ်၌ ကဏ္ဍ(၁၁)ရပ်ခွဲခြားဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ အဆိုပါ(၁၁)ရပ်တွင် ဘောလုံးသမားများ HIV ရောဂါပိုးကူးစက်ခံရမှုမှ ကာကွယ်တားဆီးရန်၊ မူးယစ်ဆေးနှင့်အရက်ရှောင်ကြဉ်ရန်၊ တစ်ကိုယ်ရေသန့်ရှင်းရေးဆောင်ရွက်ရန်၊ အာဟာရမျှတစွာ စားသုံးရန်၊ လိုအပ်သော ကာကွယ်ဆေးများ ထိုးနှံရန်နှင့် ဆေးဝါးကုသမှုခံယူရန် ကိစ္စရပ်များပါဝင်ကြောင်းနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ နီးနွယ်သောဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လိုကြောင်း ဆွေးနွေးပြီး ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

UNICEF အဖွဲ့နှင့်တွေ့ဆုံရာတွင် UNICEF အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကျန်းမာရေးလုပ်ငန်းများ၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများဖြစ်သည့် ရောဂါရှာဖွေရေးလုပ်ငန်းများ၊ ဆေးဝါးနှင့်ကုသနိုင်ရေးအတွက် ဆေးဝါးများထောက်ပံ့မည့် အစီအစဉ်နှင့် တိုးချဲ့ဆောင်ရွက်မည့် အစီအစဉ်များ၊ HIV ရောဂါခံစားနေရသည့် မိဘမဲ့ကလေးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ကုသမှုဆိုင်ရာလုပ်ငန်းများ၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းဒေသကြီး၏ ၂၀၁၂-၂၀၁၃ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် မေ ၂၉

**မကွေးတိုင်းဒေသကြီး၏ ပဉ္စမကာလတို(၅)နှစ်စီမံကိန်း၏ ဒုတိယနှစ်ဖြစ်သော ၂၀၁၂-၂၀၁၃ခုနှစ်အတွက် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၂၈ ရက် နံနက် ၉ နာရီခွဲတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ တက်ရောက်၍ အမှာစကားပြောကြားသည်။**

တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၁၂-၂၀၁၃ ခုနှစ် စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လျာထားချက်ပြည့်မီရေးအတွက် စာရင်းမှန်ကန်ရေး၊ စာရင်းမကျန်ရေး၊ လအလိုက် တိုးတက်မှုနှုန်းထားများကို ဂရုပြုဆောင်ရွက်ရေး အမြင်တူ၊ အသိတူ၊ အလုပ်တူမှ တိုင်းဒေသကြီးအတွင်း စီမံကိန်းလျာထားချက်များ ပြည့်မီမည်ဖြစ်ကြောင်း၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းလျာထားချက်များ ပြည့်မီရေးသည် အဓိကကျကြောင်းတို့ကို မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် နံနက်ပိုင်းတွင် မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသော မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲ၊ အသင်းဝတ်စုံ၊ စာရေးကိရိယာများနှင့် အရင်းမပျောက်မတည်ငွေများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီး မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်စန်းစန်းမြင့်က တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်(၂၅)မြို့နယ်မှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများထံ ကျောင်းအပ်နှံရေးလှုပ်ရှားမှုများ ဆောင်ရွက်ရန် စာအုပ်၊ စာရေးကိရိယာများနှင့် စီးပွားရေးလုပ်ငန်းများအတွက် အရင်းမပျောက်မတည်ငွေများကို ပေးအပ်သည်။

ယင်းနောက် မကွေးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ဒေါ်သင်းသင်းထွေးက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများသို့ အသင်းဝတ်စုံများ ထောက်ပံ့ပြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဌေးက စာနယ်ဇင်းဆုရရှိသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ခန်းမအတွင်း ပြသထားသော တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်နှင့်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများ၏ လှုပ်ရှားမှုဓာတ်ပုံမှတ်တမ်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြစ်သားမြို့နယ် ရေနစ်မြုပ်မှုဘေးမှ ကင်းဝေးရန် စမာရေလွှဲဆည်တည်ဆောက်မည်

**မြစ်သား မေ ၂၉**

မြစ်သားမြို့နယ် အစည်းအဝေးခန်းမတွင် မေ ၂၆ ရက်က မြစ်သားမြို့နယ် ရေနစ်မြုပ်မှုဘေးမှ ကင်းဝေးရန် တည်ဆောက်နေသည့် စမာရေလွှဲဆည်နှင့် သဲထုတ်ရေတံခါးတပ်ဆင်နေမှု အခြေအနေများနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမြင့်သန်းနှင့် မြို့ပေါ်ခြောက်ရပ်ကွက်နေ ပြည်သူများ၊ ရပ်မိရပ်ဖများနှင့် အုပ်ချုပ်ရေးမှူးများ တွေ့ဆုံပွဲအခမ်းအနား ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

တွေ့ဆုံဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမြင့်သန်း**(အောက်ပုံ)**က မြစ်သားမြို့နယ် ရေလွှမ်းမိုးမှုကြိုတင်ကာကွယ်ရေးနှင့် စမာရေလွှဲဆည်မှ ရေပေးဝေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးညွှန့်က စမာရေလွှဲဆည်နှင့် သဲထုတ်ရေတံခါး တပ်ဆင်မှုမှရရှိသည့် အကျိုးကျေးဇူးများကိုလည်းကောင်း၊ ကျောက်ဆည်ခရိုင် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးက စမာသဲထုတ်ရေတံခါးအား ပေ ၆၀ အကျယ်နှင့် ပန်းလောင်မြစ်ကြမ်းပြင်နှင့်အညီ တည်ဆောက်ထားပြီး ရေကြီးချိန်တွင် သဲထုတ်ရေတံခါးဖွင့်ပေးခြင်းဖြင့် ကသောင်းချောင်းမှ ဒိုက်၊ ဗေဒါများ၊ စွန့်ပစ်ရေများ မျောပါသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် မြစ်သားမြို့နှင့် ပန်းလောင်မြစ်ဘေးရှိ ကျေးရွာများ မိုးစပါး စိုက်ဧကများ ရေဘေးဒေးရိယာ ၁၀၀၀ ဧက ကာကွယ်ပေးနိုင်မည်ဖြစ်၍ စမာရေလွှဲဆည်အတွင်း ရေရှိနေခြင်းကြောင့် မြစ်သားမြို့နယ်အတွင်း ရေတွင်းများရှိ ရေများမြင့်တက်လာ၍ သောက်သုံးရေ အဆင်ပြေစွာရရှိကာ မီးဘေး အန္တရာယ်မှ ကင်းဝေးပြီး ရေရှားပါးမှုများ ကြုံတွေ့ရတော့မည် မဟုတ်ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့ပေါ်ခြောက်ရပ်ကွက်မှ ပြည်သူများက ရေလွှဲဆည်နှင့် သဲထုတ်ရေတံခါး တပ်ဆင်သည့် ကိစ္စနှင့်ပတ်သက်၍ အသီးသီးတင်ပြကြသည်။ (၁၁၁)

# ကုန်သည်/စက်မှု အသင်းချုပ် ဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် မေ ၂၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် အငြိမ်းစားပါမောက္ခ ဒေါက်တာဦးသိန်း (နာယက၊ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း)နှင့် ဒေါက်တာဒေါ်ရင်ရင်နွယ် (ညွှန်ကြားရေးမှူး-ငြိမ်း၊ ကမ္ဘာ့ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့) တို့က မြန်မာနိုင်ငံ၌ ငလျင်ဘေးအန္တရာယ်လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်လျှော့ချရေး၊ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွေ့အကြုံများခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဇွန် ၂ ရက်(စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း ကုန်သည်စက်မှုအသင်းချုပ် ပထမထပ်ရှိ ခန်းမကြီး၌ ကျင်းပမည်ဖြစ်ရာ အဆိုပါ ဟောပြောပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြသည်။

(အောင်အောင်)

# ဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးမှု(နည်းပြ)သင်တန်းဖွင့်လှစ်

**လှိုင်ကော် မေ ၂၉**

ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့ (နေပြည်တော်လယ်ဝေး)နှင့် ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်းတို့ ပူးပေါင်းစီစဉ်ကျင်းပသော ဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးမှု(နည်းပြ)သင်တန်းကို လှိုင်ကော်မြို့ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ(၈၁)၌ မေ ၂၃ ရက်မှ ၂၅ ရက်ထိ ကျင်းပခဲ့ရာ လှိုင်ကော်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကိုယ်စားလှယ် ဆရာ ဆရာမများပါဝင်သော သင်တန်းသား သင်တန်းသူ ၁၈၀ တက်ရောက်ခဲ့သည်။ သင်တန်းမှာ ဗုဒ္ဓဘာသာလူငယ်ယဉ်ကျေးမှုသင်တန်းများအတွက် နည်းပြများ မွေးထုတ်ပေးသည့် သင်တန်းဖြစ်ပြီး ဤကဲ့သို့ နည်းပြသင်တန်းများကို မိမိတို့မြို့နယ်များတွင် ဖွင့်လှစ်လိုပါက ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်း သိမ်ကြီးဈေး(စီ)ရုံ အဆောင်-၄(ပထပ်) ဖုန်း-၃၈၂၉၃၅နှင့် ၀၉-၅၀၇၉၆၇၄ တို့သို့ ဆက်သွယ်နိုင်သည်။ (ကြေးမုံ)





# အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းအား အမေရိကန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် စီးပွားရေးအကြီးတန်းအကြံပေး Mr. Gabriel Adler နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

**အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းအား အမေရိကန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် စီးပွားရေးအကြီးတန်းအကြံပေး Mr. Gabriel Adler နှင့် အဖွဲ့ လာရောက်တွေ့ဆုံစဉ်။**
(သတင်းစဉ်)



**နေပြည်တော် မေ ၂၉**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းအား အမေရိကန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် စီးပွားရေးအကြီးတန်းအကြံပေး Mr. Gabriel Adler နှင့်အဖွဲ့သည် ယနေ့ညနေ ၃ နာရီတွင် လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ ငွေရေးကြေးရေးနှင့် အခွန်အကောက်ဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးစံထွန်း၊ အမျိုးသမီးနှင့်ကလေးသူငယ်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမြဦး၊ အမျိုးသားစီမံကိန်းရေးရာကော်မတီဥက္ကဋ္ဌ ဦးဇော်မြင့်ဖေ၊ ပြည်သူတို့၏တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးအောင်ငြိမ်း၊ နိုင်ငံတကာဆက်ဆံရေးရာကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမောင်မောင်ထူးနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ နိုင်ငံရေးအကျဉ်းသားကိစ္စရပ်ဆိုင်ရာများနှင့် လွတ်ငြိမ်းချမ်းသာခွင့်ဆိုင်ရာကိစ္စရပ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဖော်ဆောင် အကောင်အထည်ဖော် ဆောင်ရွက်နေမှုကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)

# မြန်မာ-ဂျပန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် မေ ၂၉

**မြန်မာနိုင်ငံအရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအကူအညီပေးရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဂျပန်နိုင်ငံမှ ဒိုင်ဝါသုတေသနအဖွဲ့၊ တိုကျိုစတော့ အိတ်ချိန်းတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမရာဟိုတယ်၌ ကျင်းပသည်။**




**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးလှထွန်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် ဂျပန်နိုင်ငံမှ ဒိုင်ဝါသုတေသနအဖွဲ့၊ တိုကျိုစတော့ အိတ်ချိန်းတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်အားပေးစဉ်။**
(သတင်းစဉ်)

အဆိုပါအခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အရင်းအနှီး ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးလှထွန်း တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံ၏ အရင်းအနှီး ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒိုင်ဝါအဖွဲ့နှင့် မြန်မာနိုင်ငံတို့ လက်တွဲဆောင်ရွက်ခဲ့သည်မှာ ကာလကြာရှည်ပြီဖြစ်ကြောင်း၊ သာဓကအနေဖြင့် ၁၉၉၆ ခုနှစ်တွင် ဖက်စပ် တည်ထောင်ခဲ့သည့် မြန်မာ့ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ကုမ္ပဏီ တည်ထောင်ခဲ့သည်ကို တွေ့နိုင်ကြောင်း၊ တိုကျိုစတော့အိတ်ချိန်းအနေဖြင့်လည်း မြန်မာကိုယ်စားလှယ်အဖွဲ့များအား ဂျပန်နိုင်ငံသို့ ဖိတ်ခေါ်၍ နည်းပညာအကူအညီအဖြစ် သင်တန်းများပေးခဲ့ပါကြောင်း၊ ယနေ့ MoU လက်မှတ်ရေးထိုးနိုင်ခြင်းသည် မြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်အတွက် ခိုင်မာသော ခြေလှမ်းတစ်ရပ်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီနှင့် ဆပ်ကော်မတီများအား ၂၀၀၈ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့ပြီး လမ်းပြမြေပုံရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ လမ်းပြမြေပုံအရ ၂၀၁၅ ခုနှစ်၌ စတော့အိတ်ချိန်း တည်ထောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း စသဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ တိုကျိုစတော့အိတ်ချိန်းမှ President, Mr. Atsushi Saito နှင့် ဒိုင်ဝါသုတေသနအဖွဲ့မှ President, Mr. Takashi Fukai တို့က မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ တိုကျိုစတော့အိတ်ချိန်းမှ President နှင့် ဒိုင်ဝါသုတေသနအဖွဲ့မှ President တို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကာ အပြန်အလှန်လဲလှယ်ကြသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ဌာနကြီးမှူးများနှင့် တာဝန်ရှိသူများ၊ ဂျပန်နိုင်ငံ တိုကျိုစတော့အိတ်ချိန်းနှင့် ဒိုင်ဝါသုတေသနအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အမှတ်(၃) အခြေခံပညာဦးစီးဌာန(ရန်ကုန်တိုင်းဒေသကြီး) ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ကျင်းပ

**ရန်ကုန် မေ ၂၉**

အမှတ်(၃)အခြေခံပညာဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး) ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မြညီလာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်၍ အမှာစကားပြောကြားသည်။

**လှူဒါန်းငွေများလက်ခံ**

ယင်းနောက် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်များမှ အလှူရှင်များ၏ လှူဒါန်းငွေများကို ခရိုင်အုပ်ချုပ်ရေးမှူးများက ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်းကောင်း၊ နိုင်ဂရုဆောက်လုပ်ရေးအဖွဲ့က ငွေကျပ်သိန်း ၅၀၊ ဦးသန်းခိုင်စိုး၊ ဦးအောင်မြင့်၊ ဦးမောင်အေးနှင့် ဦးလှရွှေအဖွဲ့က ဗလာစာအုပ်ဒါဇင် ၁၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက လည်းကောင်း လက်ခံကြသည်။

ဆက်လက်၍ အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး(ပညာ) ဦးမြင့်စိုးက ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယနေ့ကျင်းပသော ရန်ကုန်တိုင်းဒေသကြီး ကျောင်းအပ်နှံရေးနေ့အခမ်းအနားတွင် အလှူရှင်များ၏ လှူဒါန်းသော အလှူငွေနှင့် ကျောင်းသုံးစာရေးကိရိယာ လှူဒါန်းမှုစုစုပေါင်းမှာ ငွေကျပ် ၁၅၆၄ သိန်းကျော်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဒုတိယဝန်ကြီး ဦးဟန်စိန်နှင့် ဒုတိယဝန်ကြီး ဦးစိုးတင့်
## ကျောက်ဆည်-ပြင်ဦးလွင်-မိုးကုတ်လမ်း(ကျောက်ဆည်-ပြင်ဦးလွင်အပိုင်း)ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၉**

သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်စိန်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်တို့သည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လမ်းတာဝန်ခံ အင်ဂျင်နီယာများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ အင်ဂျင်နီယာများ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးများမှ တာဝန်ရှိသူများ လိုက်ပါလျက် မေ ၂၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောက်ဆည်-ပြင်ဦးလွင်-မိုးကုတ်လမ်း (ကျောက်ဆည်-ပြင်ဦးလွင်လမ်းအပိုင်း)ကို ကြည့်ရှုစစ်ဆေးပြီး ကျောက်ဆည်ခရိုင် အင်ဂျင်နီယာမှူးရုံး အစည်းအဝေးခန်းမ၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ်နှင့် ကျောက်ဆည်၊ ပြင်ဦးလွင် ခရိုင်များမှ ခရိုင်အင်ဂျင်နီယာမှူးများနှင့် တွေ့ဆုံသည်။

ထို့နောက် ဒုတိယဝန်ကြီးများသည် လမ်းတစ်လျှောက် ကျောက်ခင်းခြင်း၊ ကတ္တရာခင်းခြင်း၊ လမ်းသားချဲ့ထွင်ခြင်းနှင့် လမ်းဘေးဝဲ၊ ယာရေမြောင်းများဖောက်လုပ်ထားရှိမှု၊ လမ်းပခုံးသားများခင်းကြိတ်ထားမှု၊ တောင်နံရံများချဲ့ထားမှုနှင့်လမ်း၏ အတက်အဆင်းပြေပြစ်အောင် ဆောင်ရွက်ထားရှိမှုများနှင့် ဒုဋ္ဌဝတီတံတား (ရဲရွာ-ကဗြူး)တည်ဆောက်ရေးစီမံကိန်း၌ တံတားတည်ဆောက်မည့်မြေနေရာရွေးချယ်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၃၈/၂)ရွှေချောင်းစခန်း ရှင်းလင်းဆောင်၌ လမ်းလုပ်ငန်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများမှ တာဝန်ခံအင်ဂျင်နီယာများနှင့် တွေ့ဆုံခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# FIFA Football For Health Seminar ရှိုင်ရယ်ကုမုဒြာ၌ ပြုလုပ်

နေပြည်တော် မေ ၂၉

**ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)မှ ပေးအပ်သည့် FIFA Football For Health ပရိုဂရမ်နှင့် ပတ်သက်သည့် Seminar ကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ရှိုင်ရယ်ကုမုဒြာဟိုတယ်၌ ကျင်းပခဲ့သည်။**

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က FIFA Football For Health ပရိုဂရမ်အား ဖီဖာမှ အာရှဒေသအတွက် ပထမဆုံးပေးအပ်သည့်အနေဖြင့် မြန်မာနိုင်ငံကိုရွေးချယ်ခဲ့ကြောင်း၊ ထို့အတွက် အချို့အာရှနိုင်ငံများမှ ဘောလုံးတာဝန်ရှိသူများအနေဖြင့် မိမိတို့မြန်မာနိုင်ငံက အဘယ်ကြောင့် ပထမဆုံးရရှိသွားသည်ကို မေးခွန်းထုတ်ခဲ့ရကြောင်း၊ မိမိအနေဖြင့် တိုင်းပြည်လူငယ်ထုအကျိုးရှိစေမည့် FIFA Football For Health ပရိုဂရမ်အတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ထံ တင်ပြတောင်းခံခဲ့ကြောင်း၊ ဖီဖာအနေဖြင့်လည်း မိမိတို့ယခင်က ရရှိခဲ့သည့် ပရောဂျက်များ အောင်မြင်အောင် ဆောင်ရွက်ပြနိုင်ခြင်းနှင့် ဘောလုံးအားကစားကို ချစ်မြတ်နိုးသောနိုင်ငံဖြစ်ခြင်း၊ မိမိတို့အောင်မြင်စွာ ဆောင်ရွက်ပြနိုင်မည်ဟု ယုံကြည်ခြင်းတို့ကြောင့် ပေးအပ်ခြင်းဖြစ်ကြောင်း၊ ယင်းပရိုဂရမ်အား မြန်မာနိုင်ငံတစ်ဝန်းကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်အတွက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာန၊ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်တို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း စသည်ဖြင့် ရှင်းလင်းပြောကြားသည်။

“ဒီနေ့မနက်ပိုင်းမှာပဲ ၎င်းဝန်ကြီးဌာနတွေနဲ့ တွေ့ဆုံရာမှာ ဒီပရိုဂရမ်အတွက် ပါဝင်ပူးပေါင်းဆောင်ရွက်ဖို့ သဘောတူညီချက်ရလာခဲ့သလို လူကြီးတွေကိုယ်တိုင်ကလည်း အားတက်သရောနဲ့ ဖြစ်နိုင်သမျှ မြန်မြန်ဆောင်ရွက်ကြဖို့ လမ်းညွှန် မှာကြားလိုက်တဲ့အတွက် ကျွန်တော် အရမ်းပဲဝမ်းသာပါတယ်။ ကနဦး ကျောင်း ၁၈ ကျောင်းမှာ ဒီပရိုဂရမ်ကို Pilot Project အနေနဲ့ စတင်ဆောင်ရွက်မှာဖြစ်ပြီး ကျောင်းသား ၁၀၀၀ ကနေ နောက်ပိုင်းမှာ တစ်နိုင်ငံလုံးက ကျောင်းတွေအထိ ကျယ်ပြန့်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံ အနာဂတ်အတွက် အားထားရမယ့် လူငယ်တွေ အခုထက်ပိုပြီး ကျန်းမာကြံ့ခိုင်အောင်၊ စွမ်းရည်ထက်မြက်အောင် ဒီပရိုဂရမ်ကို တောင်းဆိုခဲ့တာပါ”ဟု ဦးဇော်ဇော်က ထည့်သွင်း ပြောကြားသည်။

(ဇော်မင်းအောင်)





**သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်စိန်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်တို့ ဒုဋ္ဌဝတီတံတား(ရဲရွာ-ကဗြူး) တည်ဆောက်မည့် မြေနေရာရွေးချယ်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

☆ ကျောဖုံးမှ

ယခုအခါတွင် နိုင်ငံတော်၏ အချို့နေရာများ၌ လျှပ်စစ်မီး ပြတ်တောက်သည်ကို အကြောင်းပြု၍ ဆန္ဒပြပွဲများ၊ စက်ရုံ၊ အလုပ်ရုံအချို့တွင် အလုပ်ရှင်/အလုပ်သမား အငြင်းပွားဆန္ဒပြမှုများ ဖြစ်ပွားနေသည့်အတွက် ယင်းဆန္ဒပြမှုများတွင် နိုင်ငံရေးပါတီဝင် အချို့တို့က ပူးပေါင်း ပါဝင်ပတ်သက်ခြင်းများရှိနေကြောင်း သတင်းများသိရှိရပါကြောင်း။

ထို့ကြောင့် ယင်းဖြစ်စဉ်များအပေါ် နိုင်ငံတော်၏ ပကတိအခြေအနေမှန်များနှင့် ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာန၊ တာဝန်ရှိပုဂ္ဂိုလ်များက အသေးစိတ်ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ယခုဆွေးနွေးရှင်းပြသော အခြေအနေမှန်များကို နိုင်ငံရေးပါတီများကသိရှိပြီး ဖြစ်သင့်ဖြစ်ထိုက်သည်များကို ဖြစ်နိုင်သမျှဖြစ်လာအောင် သက်ဆိုင်ရာဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။

မဖြစ်နိုင်သေးသည်များကို ဆန္ဒစောအတင်းတွန်းအားပေးဆောင်ရွက်ခြင်းဖြင့် မိမိတို့ရော နိုင်ငံတော်မှာပါ အကျိုးမရှိဖြစ်ရပြီး မလိုအပ်သည့်ဆူပူမှုများဖြစ်လာပါက နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေနိုင်ပါကြောင်း။

နိုင်ငံတော်သည် ဒီမိုကရေစီအသွင်သဏ္ဌာန်ကူးပြောင်းခါစ နုနယ်သေးသော ကာလတွင် လိုအပ်ချက်များ၊ မပြည့်စုံမှုများ ရှိနေဦးမည်ဖြစ်ပါကြောင်း၊ ယခုလို နိုင်ငံတကာက စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းပြီး နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုကို အသိအမှတ်ပြုပူးပေါင်းဆောင်ရွက်နေသည့်ကာလတွင် မလိုလားအပ်သော ဆူပူအကြမ်းဖက်မှုများကြောင့် တုံ့နှေးသွားစေမည့် အခြေအနေမျိုးမဖြစ်ပေါ်အောင် အလေးထားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် ဆောင်ရွက်ကြရာတွင် နိုင်ငံတော်၏ ပကတိအခြေအနေမှန်၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များစသည့် အချက်အလက်ပေါင်းစုံတို့ကို ထည့်သွင်းစဉ်းစားသုံးသပ်ပြီး ပြည်သူများ၏ လိုအပ်ချက်ကို ဥပဒေနှင့်အညီ နိုင်ငံတော်အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးက အလုပ်ရှင်/အလုပ်သမား အငြင်းပွား ဆန္ဒပြမှုများနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များနှင့် အညီ အလုပ်သမားဝန်ကြီးဌာနက ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးမှုအခြေအနေများကိုလည်းကောင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးက နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားရရှိမှုနှင့် ခွဲဝေသုံးစွဲမှုအခြေအနေ၊ နွေရာသီတွင် လျှပ်စစ်ဓာတ်အား လျော့နည်းသွားမှု အခြေအနေ၊ မဟာဓာတ်အားလိုင်း ပုံးခွဲဖျက်ဆီးခံရမှုကြောင့် လတ်တလောလျှပ်စစ်ဓာတ်အားပြတ်တောက်မှု အခြေအနေနှင့် ဓာတ်အား လုံလောက်စွာရရှိရေး ကြိုးစားဆောင်ရွက်ပေးနေမှု အခြေအနေတို့ကိုလည်းကောင်း အသေးစိတ်ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက နိုင်ငံတော်တွင် လတ်တလောဖြစ်ပေါ်နေသည့် လျှပ်စစ်မီးပြတ်တောက်မှုအပေါ် နိုင်ငံတော်မှ ဆောင်ရွက်နေသည့် အခြေအနေနှင့် အလုပ်ရှင်/အလုပ်သမားအငြင်းပွားမှုများတွင် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များအရ ညှိနှိုင်းဖြေရှင်းပေးနေမှု အခြေအနေမှန်များကို သိရှိရပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံရေးပါတီများအနေဖြင့် ဥပဒေနှင့်အညီ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးတင်ပြကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်မှာကြားရာ၌ နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုကို စည်းရုံးဆောင်ရွက်ကြရာတွင် မိမိပါတီအကျိုးထက် နိုင်ငံတော်အကျိုး ရှိရာရှိကြောင်းကို ဘက်ပေါင်းစုံမှ ထည့်သွင်းစဉ်းစားသုံးသပ်ပြီး လတ်တလောဖြစ်ပေါ်နေသည့် ဆန္ဒပြအငြင်းပွားမှုများကို ပြေလည်မှုရရှိအောင် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားကာ ဆွေးနွေးပွဲကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား ဂျာမနီနိုင်ငံ ဂျာမန်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအော်တိုစွမ်လ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၂၉**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား ဂျာမနီနိုင်ငံ ဂျာမန်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအော်တိုစွမ်လ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စများ၊ နိုင်ငံရေးပါတီဆိုင်ရာ ကိစ္စများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဦးသာဦး၊ ဦးဝင်းကြည်၊ ဦးညွန့်တင်နှင့် အတွင်းရေးမှူး ဦးဝင်းကို တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)




## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၃၀-၅-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

၇း၀၀ ပရိတ်တရားတော်
၈း၁၀ "ကျန်ရစ်ခဲ့သော ခြင်ထောင်လေးတစ်လုံး"
၈း၂၅ "လူငယ်နှင့်ဆေးလိပ်အန္တရာယ်" (ကာဗွန်မိုနောက်ဆိုက်)
၈း၅၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ဒဿနိကဗေဒအထူးပြု) (ဒဿနိကဗေဒ)
၅း၂၀ ပီသကြည်မြမဟာဂီတ(အပိုင်း-၅)
၅း၄၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၆း၂၀ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၆း၃၅ ရွှေရင်ခုန်သံ
၇း၁၅ "လက်တွေ့တင်ဆက် ကလေးတို့အိပ်မက်"
၇း၄၅ အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတအဖွဲ့ ဖျော်ဖြေတင်ဆက်မှုအစီအစဉ် (အပိုင်း-၁၀)
၈း၀၀ ပြည်တွင်းသတင်း -နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၅၉) -မြန်မာဗီဒီယိုဇာတ်လမ်း "ယုန်ကလေးရဲ့ကိုယ်" (မြင့်မြတ်၊ မေကဗျာ) (ဒါရိုက်တာ-မီးပွား)


## ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော်အား အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၂၉**

ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော်အား အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး Mr. Naoyuki Shinohara နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယအကြီးအကဲ Mrs. Meral Karasulu တို့သည် ယနေ့မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ကော်မတီဆောင် အမှတ်(၁) ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့ငွေစာရင်းကော်မတီမှ အတွင်းရေးမှူး ဦးမောင်တိုးနှင့် အဖွဲ့ဝင်များတက်ရောက်ကြပြီး ငွေကြေးဆိုင်ရာကိစ္စရပ်များတွင် ခွဲဝေသုံးစွဲမှုရသုံးဆိုင်ရာ စာရင်းများ ပြန်လည်စိစစ်ခြင်းနှင့် ပြန်ကြားရေးကိစ္စရပ်များတွင် နိုင်ငံတော်အခန်းကဏ္ဍမှ ပါဝင်မှုကိစ္စရပ်များကို ဆွေးနွေးကြသည်။ (သတင်းစဉ်)



ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော်အား အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး Mr. Naoyuki Shinohara နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယအကြီးအကဲ Mrs. Meral Karasulu တို့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)



## ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူးအား အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ လာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၂၉**

ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ဦးခင်မောင်ဦးအား အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး Mr. Naoyuki Shinohara နှင့် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယအကြီးအကဲ Mrs. Meral Karasulu တို့သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီဆောင် အမှတ်(၈)ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံသည်။**(ဝဲပုံ)**

ယင်းသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြပြီး ငွေကြေးဆိုင်ရာမူဝါဒနှင့် ပတ်သက်သည့် ကိစ္စရပ်များ၊ အခွန်အခကောက်ခံခြင်းနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)


## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၃၀-၅-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

၅း၄၀ "ချမ်းသာချင်သလားအိုလူသား" တရားတော် (ဆင်ဖြူတောင် ဆရာတော်အရှင်ဂုဏိန္ဒ)
၁၁း၀၅ ရှမ်းပြည်နယ်တောင်ပိုင်း ပင်းတယ ယစကျီကျေးရွာ ရိုးရာပလောင်တောင်တက်ပွဲ
၁၂း၂၅ ရန်ကုန်မြင်ကွင်းကျယ် (Ikon Mart)
၂း၄၅ အရည်အသွေးမြင့် Transformer များထုတ်လုပ်ရာ CAPITAL POWER
**၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အဖြူရောင်တိမ်တိုက်လေး' (အပိုင်း-၃၇)**
၇း၃၀ ရွှေနန်းတော်စိန်ရွှေရတနာဆိုင် မိသားစု၏မှတ်တိုင်များ
၈း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
**၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဘဝအားမာန်" (အပိုင်း-၅၂)**
**၁၀း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နှလုံးသားပုံဖော်ရာ' (အပိုင်း-၂၄)**
၁၁း၃၀ ကျောက်ကပ်နှင့် ကျောက်ကပ်ရောင်ရောဂါအကြောင်း (ပါမောက္ခ ဒေါက်တာခင်မောင်ဌေး)
၂း၄၀ ဗိုတိုင်းဌာနီဧရာဝတီ (ပုသိမ်၊ မြောင်းမြ ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်းများ)
၄း၀၅ ရုပ်ခန္ဓာမလှပသူတို့၏ နှလုံးသားအားမာန်များ (အပိုင်း-၂)


## ခွာနာလျှာနာရောဂါကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

**ခွာနာလျှာနာရောဂါသည် ရာသီအကူးအပြောင်းနှင့် စွတ်စိုသောကာလများတွင် ပိုမိုဖြစ်ပွားလေ့ရှိသဖြင့် ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။**

၁။ **ခွာနာလျှာနာရောဂါ**
- ❖ ခွာနာလျှာနာပိုင်းရပ်(စ်)ကြောင့်ဖြစ်ပွားပါသည်။
- ❖ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်စသည့် ခွာကွဲသတ္တဝါများတွင် ဖြစ်ပွားလေ့ရှိပါသည်။
- ❖ ရောဂါကျရောက်ဖြစ်ပွားပါက ခိုင်းကျွဲ/နွားများ လုပ်ငန်းခွင်မဝင်နိုင်ခြင်း၊ ရောဂါပျောက်ကင်းသော်လည်း အမောမလုံခြင်း၊ တိရစ္ဆာန်အမများတွင် သားလျှောခြင်း၊ သားမအောင်ခြင်း၊ မြုံခြင်းနှင့် နို့ထွက်နှုန်းလျော့ကျခြင်းများ ဖြစ်စေနိုင်ပါသည်။

၂။ **ရောဂါလက္ခဏာများ**
- ❖ ကိုယ်အပူချိန်တက်ခြင်း၊ အစာမစားဘဲငေးမှိုင်နေခြင်း။
- ❖ သွားကြိတ်ခြင်း၊ သွားရည်ကျခြင်း။
- ❖ လျှာ၊ အာခေါင်၊ သွားဖုံး၊ ခံတွင်းတို့တွင် အရည်ကြည်ဖုများ စတင်ဖြစ်ပေါ်လာပြီး ၎င်းမှပေါက်ပြဲ၍ အနာများ ဖြစ်လာကာ အစာမစားနိုင်ခြင်း။
- ❖ ခွာကြား၊ ခွာပန်းကုံးတို့တွင်လည်း အရည်ကြည်ဖုနှင့် အနာများဖြစ်ကာ ခြေထောက်နာပြီး လမ်းမလျှောက်နိုင်ခြင်း။

၃။ **ရောဂါကူးစက်ပျံ့နှံ့ခြင်း**
- ❖ ဗိုင်းရပ်(စ်)ပိုးသည် ရောဂါဖြစ်တိရစ္ဆာန်၏ အနာဖေး၊ အနာသားနံရည်၊ သွားရည်၊ နှာရည်၊ဆီး၊ ဝမ်း၊ နို့၊ သုက်ရည်၊ ကိုယ်တွင်းအင်္ဂါများ စသည်တို့တွင်ပါရှိတတ်သည်။
- ❖ ရောဂါဖြစ်တိရစ္ဆာန်နှင့်ထိတွေ့ခြင်း၊ ရောဂါဖြစ်တိရစ္ဆာန်မှထွက်သည့် ရောဂါပိုးပါသော ပစ္စည်းများနှင့် ရောဂါဖြစ်ခြံရှိ အသုံးအဆောင်ပစ္စည်း၊ အလုပ်သမား၊ အဝတ်အစား၊ ဖိနပ်စသည်တို့မှတစ်ဆင့် ရောဂါကူးစက်ပျံ့နှံ့နိုင်ပါသည်။

၄။ **ရောဂါကာကွယ်ခြင်း**
- ❖ ရောဂါမဖြစ်ပွားမီကာကွယ်ဆေးထိုးရန်လိုအပ်ပါသည်။ ကာကွယ်ဆေးထိုးရန် နီးစပ်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးများသို့ ဆက်သွယ်နိုင်ပါသည်။
- ❖ ရောဂါဖြစ်ပွားပါက ရောဂါထိန်းချုပ်မှုလုပ်ငန်းများကို လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ အမြန်သတင်းပို့ရပါမည်။

၅။ **ရောဂါထိန်းချုပ်ခြင်း**
- ❖ ကူးစက်ရောဂါဖြစ်ပွားသောတိရစ္ဆာန်နှင့် အတူနေသောတိရစ္ဆာန်တို့ကို သီးသန့်ခွဲခြားထားရမည်။
- ❖ ယင်းတိရစ္ဆာန်များ အပြင်သို့မထွက်ရန်၊ ပြင်ပမှ တိရစ္ဆာန်များ မဝင်ရောက်နိုင်ရန် စီမံဆောင်ရွက်ရမည်။
- ❖ ရောဂါဖြစ်နေသော တိရစ္ဆာန်ကိုဖြစ်စေ၊ ယင်းတိရစ္ဆာန်နှင့်အတူနေသော တိရစ္ဆာန်ကိုဖြစ်စေ ရောဂါဖြစ်ပွားဆဲကာလအတွင်း ရောင်းချခြင်း၊ အခြားဒေသသို့ သယ်ဆောင်မောင်းနှင်ခြင်းမပြုရပါ။
- ❖ ယင်းတိရစ္ဆာန်၏အညစ်အကြေးများ၊ အညစ်အကြေးနှင့်ထိစပ်သော ပစ္စည်းများ၊ အစာအကြွင်းအကျန်များကို မြေမြှုပ်၍ဖြစ်စေ၊ ခြံသုံးပိုးသတ်ဆေးဖျန်း၍ဖြစ်စေ၊ မီးရှို့၍ဖြစ်စေ ဖျက်ဆီးပစ်ရပါမည်။
- ❖ ရောဂါဖြစ်နေသော တိရစ္ဆာန်ကို ပြုစုစောင့်ရှောက်သူ၊ ယင်းခြံအတွင်းဝင်သူတို့သည် လုပ်ငန်းဆောင်ရွက်ပြီးစီးတိုင်း တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် လက်၊ ခြေထောက်၊ အဝတ်အစားနှင့် ဖိနပ်တို့ကို ဆပ်ပြာနှင့် ဆေးကြောသန့်စင်ရပါမည်။

၆။ **ရောဂါကုသခြင်း**
- ❖ ကျောက်ချဉ်လေးကျပ်သားကို တစ်လီတာဝင် ရေသန့်ဘူးတွင် ဖျော်စပ်၍ လျှာ၊ ပါးစပ်ကို တစ်နေ့လေးကြိမ် သုတ်လိမ်းပေးပါ။
- ❖ ခွာနာကို သန့်ရှင်းခြောက်သွေ့စေ၍ ဆေးကတ္တရာကို အနာထဲဝင်အောင် သုတ်လိမ်းပေးပါ။

၇။ **ပူးပေါင်းဆောင်ရွက်ခြင်း**
- ❖ ရောဂါဖြစ်လျှင် သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့အစည်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့သို့ ဆောလျင်စွာ သတင်းပေးပို့၍ ရောဂါဖြစ်ပွားမှုကို လျင်မြန်စွာ ထိန်းချုပ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန**

# ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် မေ ၂၉**

Royal Mingalardon Golf & Country Club က ကြီးမှူးကျင်းပသော RMGCC 3rd Anniversary Charity ဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၂၆ ရက်တွင် အဆိုပါဂေါက်ကလပ်၌ ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ည ၇ နာရီခွဲတွင် ကျင်းပရာ RMGCC Director of Golf (PGA Golf Professional Myanmar PGA) ဦးဆန်းထွန်းက ပြိုင်ပွဲနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ပြိုင်ပွဲ၏ Nearest to the Pin ဆုကို ခုနစ်ပေ၊ ငါးလက်မဖြင့် တင်ထွန်းက လည်းကောင်း၊ Longest Drive ဆုကို ၂၆၈ ကိုက်ဖြင့် သိန်းနိုင်စိုးက လည်းကောင်း၊ Straightest Drive (Drive အတည့်ဆုံးဆု) ဆုကို တစ်လက်မဖြင့် ကျော်ဌေးက လည်းကောင်း အသီးသီးရရှိသည်။

Coverse (A), (B), (C) one stick ပြိုင်ပွဲ၌ ကျော်ဌေးက ပထမ၊ သိန်းနိုင်စိုးက ဒုတိယ၊ ရဲမှူးကြီးဇော်ဝင်း(ငြိမ်း)က တတိယရရှိကြသည်။

Division (C) ပြိုင်ပွဲ၌ လှိုင်မျိုးက ပထမ၊ ခင်မောင်အောင်က ဒုတိယ၊ Mr. Precheun က တတိယ ရရှိကြသည်။

Division (B) ပြိုင်ပွဲ၌ ဝေယံအောင်က ပထမ၊ ကောင်းထွဋ်အောင်က ဒုတိယ၊ ရဲထွန်းအောင်က တတိယ ရရှိကြသည်။

Division (A) ပြိုင်ပွဲ၌ ရဲထက်အောင်က ပထမ၊ တင်ထွန်းက ဒုတိယ၊ သိန်းနိုင်စိုးက တတိယ ရရှိကြသည်။

ယင်းပြိုင်ပွဲ၌ရရှိခဲ့သော ပြိုင်ပွဲဝင်ကြေးမှငွေများကို မိဘမဲ့ကလေးများ စောင့်ရှောက်ရေးအသင်းအဖွဲ့များသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ကျပန်းစစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင် Random Chess ကျပန်းစစ်တုရင်ပြိုင်ပွဲ၏ ပထမဦးဆုံးရွှေ့ကွက်ကိုရွှေ့၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။ (စစ်တုရင်အဖွဲ့ချုပ်)

**ရန်ကုန် မေ ၂၉**

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော Random Chess ကျပန်းစစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင် စစ်တုရင်အားကစားသမားများ သတ်မှတ်နေရာ၌ နေရာယူကြပြီး ဦးသာဇံ (ကွန်ပျူတာစစ်တုရင်ကော်မတီဥက္ကဋ္ဌ)က မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်သို့ အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က လက်ခံပြီး နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ Random Chess ကျပန်းစစ်တုရင်ပြိုင်ပွဲ၏ မူလပွဲစဉ်အနေအထား ၉၆၀ မှ ယနေ့ (ပထမနေ့)ပွဲစဉ်အတွက် ယှဉ်ပြိုင်ကစားရမည့် ပွဲစဉ်အနေအထားတစ်ခုအား တာဝန်ရှိပုဂ္ဂိုလ်များက မဲနှိုက်၍ ရွေးချယ်ပေးသည်။

ယင်းနောက် Random Chess ကျပန်းစစ်တုရင်ပြိုင်ပွဲ၏ ပထမဆုံးရွှေ့ကွက်ကို မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ရွှေ့၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ပထမနေ့ပြိုင်ပွဲ-ပွဲစဉ်များကို စတင်ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲကို မေ ၂၈ ရက်မှ ဇွန် ၅ ရက်အထိ နေ့စဉ် မွန်းလွဲ ၁ နာရီမှ စတင်၍ ယင်းအားကစားပြိုင်ပွဲရုံ၌ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မာတီနက်ဇ်အား လုပ်ခလစာမြှင့်သည့် စာချုပ်သစ်ချုပ်ဆိုရန် ဝီဂန်အသင်းပိုင်ရှင် ဒေ့ဗ်ဝှီလန်အသင့်ရှိနေဟုဆို

**လန်ဒန် မေ ၂၉**

ဝီဂန်အသင်းပိုင်ရှင် ဒေ့ဗ်ဝှီလန်သည် ဝီဂန်အသင်းနည်းပြ ရောဘတ်တိုမာတီနက်ဇ်**(အောက်ပုံ)**အား ဆုံးရှုံးရမည်ကိုစိုး၍ အသင်း၌သာ ဆက်လက်ရှိနေစေရန် လုပ်ခလစာမြှင့်သည့် စာချုပ်သစ်တစ်ရပ် ချုပ်ဆိုရန် အသင့်ရှိကြောင်း ဒေ့ဗ်ဝှီလန်က မေ ၂၈ ရက်တွင် ပြောကြားခဲ့သည်။



လီဗာပူးအသင်းနှင့် အက်စတွန်ဗီလာအသင်းတို့သည် ဝီဂန်အသင်းနည်းပြ မာတီနက်ဇ်ကို စိတ်ဝင်စားလျက်ရှိခြင်းကြောင့် အဆိုပါအသင်းများသို့ ခြေလှမ်းနေသည့် မာတီနက်ဇ်၏ ခြေလှမ်းများ ရပ်တန့်သွားစေရေးအတွက် ဈေးမြင့်သည့် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုရန် ဝီဂန်အသင်းပိုင်ရှင် ဒေ့ဗ်ဝှီလန်က ကမ်းလှမ်းလိုက်ခြင်းဖြစ်သည်။

ဝီဂန်အသင်းပိုင်ရှင်သည် ပေါင်ခြောက်သန်းတန် စာချုပ်သစ်တစ်ရပ် ကမ်းလှမ်းခဲ့ပြီး မာတီနက်ဇ်အနေဖြင့် အဆိုပါလုပ်ခလစာ ပေါင်ခြောက်သန်းကို လွန်ခဲ့သည့်နှစ်ကတည်းက တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်းနှင့် မိမိအနေဖြင့် ယခုအသင်းပြောင်းရွှေ့တော့မည်ဟုဆိုမှုသာ ဝီဂန်အသင်းပိုင်ရှင် ဒေ့ဗ်ဝှီလန်က ပြန်လည်တုံ့ပြန်လာခြင်းဖြစ်ကြောင်း ဆိုသည်။

မာတီနက်ဇ်သည် လုပ်ခလစာနှင့် ပတ်သက်၍ အခက်အခဲရှိခဲ့ပါက အက်စတွန်ဗီလာ သို့မဟုတ် လီဗာပူးသို့ ပြောင်းရွှေ့မည်ဖြစ်ကြောင်း ဆိုသည်။ သို့သော် လီဗာပူးအသင်းနှင့် မာတီနက်ဇ်တို့ ဆွေးနွေးမှုများ ပြုလုပ်ထားသော်လည်း မာတီနက်ဇ်အား ဝီဂန်အသင်း၌ ဆက်လက်ရှိနေရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ဒေ့ဗ်ဝှီလန်က ပြောကြားခဲ့သည်။

လီဗာပူးအသင်းနှင့် အက်စတွန်ဗီလာအသင်းတို့သည် ဝီဂန်အသင်းနည်းပြ မာတီနက်ဇ်အား ခေါ်ယူရန် ကြိုးပမ်းနေပြီး ဒေ့ဗ်ဝှီလန်ကလည်း မာတီနက်ဇ်အား အသင်း၌ ဆက်ရှိနေရန် ကြိုးပမ်းနေကြသည်။ ထို့ကြောင့် မာတီနက်ဇ်အနေဖြင့် မည်သည့်အသင်းတွင် နည်းပြအဖြစ် မြင်တွေ့နိုင်မည်ဆိုသည်မှာလည်း စိတ်ဝင်စားစရာကောင်းနေသည်။

***အင်တာနက်။***

# ရီးယဲလ်မက်ဒရစ်၏ စိတ်ဝင်စားမှုကို သတိထားမိကြောင်း အိုင်ဗန်နိုဗစ်ဝန်ခံခဲ့

**လန်ဒန် မေ ၂၉**

ချယ်လ်ဆီး နောက်တန်းကစားသမား အိုင်ဗန်နိုဗစ်သည် စပိန်လာလီဂါချန်ပီယံ ရီးယဲလ်မက်ဒရစ်အသင်းက ၎င်းအား စိတ်ဝင်စားလျက်ရှိသည်ကို ရိပ်မိကြောင်း အိုင်ဗန်နိုဗစ်က ဝန်ခံပြောကြားခဲ့သည်။

အိုင်ဗန်နိုဗစ်က ရီးယဲလ်မက်ဒရစ်အသင်း၏ စိတ်ဝင်စားမှုကို သတိထားမိသော်လည်း စတမ်းဖို့ဘရစ်ချ်၌ ကစားရသည်ကိုသာ စိတ်ပျော်ရွှင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ အသက် (၂၈) အရွယ်ရှိ အိုင်ဗန်နိုဗစ်သည် ဖေဖော်ဝါရီလက ချယ်လ်ဆီးအသင်းနှင့် စာချုပ်သစ်တစ်ရပ် ချုပ်ဆိုခဲ့ပြီး ယင်းစာချုပ်မှာ ၂၀၁၆ ခုနှစ်တိုင်အောင် ချုပ်ဆိုထားခြင်းဖြစ်သည်။

ဆားဘီးယားကြယ်ပွင့် အိုင်ဗန်နိုဗစ်က ရီးယဲလ်မက်ဒရစ်အသင်းက ၎င်းအား စိတ်ဝင်စားသည်ဆိုသော်လည်း မိမိအနေဖြင့် ရီးယဲလ်မက်ဒရစ်အသင်းနှင့်ဆွေးနွေးမှုပြုလုပ်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

အိုင်ဗန်နိုဗစ်သည် ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၉ ဒသမ ၇ သန်းဖြင့် ရောက်ရှိလာခဲ့သူဖြစ်သည်။ အိုင်ဗန်နိုဗစ်သည် ၂၀၀၈ - ၂၀၀၉ ဘောလုံးရာသီတွင် စတမ်းဖို့ဘရစ်ချ်တွင် စတင်ကစားခဲ့ပြီး ဘိုင်ယန်မြူးနစ်အသင်းနှင့် ယှဉ်ပြိုင်ခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ပါဝင်ခွင့်မရရှိဘဲ ဂယ်ရီကာဟေးလ်ကိုသာ ပွဲထုတ်ခဲ့သော်လည်း ချယ်လ်ဆီးအသင်း အနိုင်ရရှိခဲ့ခြင်းအတွက် ပျော်ရွှင်မှုရရှိခဲ့ကြောင်းနှင့် ချယ်လ်ဆီးအသင်းတွင်သာ ဆက်လက်ကစားရန် ဆန္ဒရှိကြောင်း အိုင်ဗန်နိုဗစ်**(အပေါ်ပုံ)**က ထုတ်ဖော်ပြောကြားခဲ့သည်။



***အင်တာနက်။***

**နိုင်လင်းကြည်**

သတိပြုဆင်ခြင်ဖွယ်ရာ မှုခင်းအဖြာဖြာ

# ဓာတ်ဆီလောင်း မီးရှို့ခံရသူ ဆရာဝန်အမျိုးသမီး သေဆုံး

ရန်ကုန် မေ ၂၉

**ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၃)ရပ်ကွက် လှည်းတန်း(၇)လမ်းရှိ တိုက်ခန်း၌ မေ ၂၇ ရက်က ဖြစ်ပွားခဲ့သည့် ဓာတ်ဆီလောင်းမီးရှို့မှုဖြစ်စဉ်တွင် မီးလောင်ခံရသည့် သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာအိမြတ်မွန်သည် ယင်းမီးလောင်ဒဏ်ရာများကြောင့် ယနေ့(မေ ၂၉ ရက်) ညနေ ၃ နာရီ ၅၅ မိနစ်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ဆေးကုသနေစဉ် သေဆုံးသွားခဲ့ကြောင်း သိရသည်။**

မီးစွဲလောင်ခံရသူမှာ အသက် မသေဆုံးမီ ယနေ့ နံနက်ပိုင်းကပင် ရေဓာတ်၉၅ ရာခိုင်နှုန်း ဆုံးရှုံးနေပြီး ဦးနှောက်သည်လည်း အလုပ်မလုပ်တော့ကြောင်း သိရသည်။

မီးလောင်ကျွမ်းရသည့်ဖြစ်စဉ်မှာ မေ ၂၇ ရက် ညနေ ၆ နာရီခွဲက အထက်ပါနေအိမ်တွင် နေထိုင်သူ ဒေါက်တာအိမြတ်မွန်နှင့် အမျိုးသား မိတ်ဆွေတို့ စကားများရာမှတစ်ဆင့် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ယင်းအမျိုးသားသည် အသင့်ယူဆောင်လာသော ဓာတ်ဆီဖြင့် အခန်းအပြင်မှ ပက်လောင်း၍ မီးရှို့ခဲ့ရာမှ ဒေါက်တာအိမြတ်မွန်ကိုပါ မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။

ယင်းမီးလောင်မှုကြောင့် ဒေါက်တာအိမြတ်မွန်၏ ခန္ဓာကိုယ်အနှံ့ မီးလောင်ဒဏ်ရာများရရှိခဲ့သည်။ အတူနေထိုင်သည့် ညီမ မအေးမြတ်မွန်လည်း မီးလောင်ကျွမ်းခံခဲ့ရသော်လည်း မအေးမြတ်မွန်မှာ ခြေထောက်နှစ်ဖက်တွင်သာ မီးစွဲလောင်ခဲ့ပြီး စိုးရိမ်ရသည့် အခြေအနေမရှိကြောင်း သိရသည်။

နေအိမ်မီးရှို့ပြီး လူကို ထိခိုက်ဒဏ်ရာရရှိအောင်ပြုလုပ်သူ လွင်ဦး (၂၅)နှစ် လင်းလွန်း(တောင်)ရပ်ကွက် စမ်းချောင်းမြို့နယ် နေသူအား ဥပဒေပုဒ်မ ၄၃၆/၃၂၆ တို့ဖြင့် ကမာရွတ်မြို့နယ် ရဲတပ်ဖွဲ့မှ ဒုရဲအုပ်သန်းထိုက်က တရားလိုပြုလုပ်အရေးယူထားသော်လည်း မီးလောင်ကျွမ်းခံရသူမှာ အသက်သေဆုံးသွားရသည့်အတွက် မူလစွဲဆိုထားသည့် ဥပဒေပုဒ်မမှ ပုဒ်မ - ၄၃၆/၃၀၂ သို့ ပြောင်းလဲစွဲဆို အရေးယူထားကြောင်း သိရသည်။

(သူရိန်)

# ယာဉ်မတော်တဆမှုများ ဖြစ်ပွား

**ရန်ကုန် မေ ၂၉**

မေ ၁၁ ရက် နံနက် ၈ နာရီ ၄၅ မိနစ်ခန့်တွင် (၁၆၂) ယာဉ်လိုင်းမှ ဒိုင်နာယာဉ်တစ်စီးသည် ဇဝနမှ မင်းကုန်းသို့အသွား အမှတ်(၂) လမ်းမကြီး အမြောက်တပ်မှတ်တိုင်အနီးအရောက်တွင် လမ်းပေါ်သို့ ပြေးတက်လာသော ကျွဲနှစ်ကောင်အား ရှောင်လိုက်စဉ် အရှိန်လွန်တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ကျား ၁၁ ဦး၊ မ ၁၅ ဦးတို့အား သင်္ဃန်းကျွန်းစံပြဆေးရုံကြီးသို့ ပို့ဆောင်ကုသစဉ် ဒေါ်လှကြိုင် (၆၈)နှစ်မှာ သေဆုံးသွားခဲ့သည်။

မေ ၁၅ ရက် ညပိုင်းတွင်လည်း (၃၉)အထူးယာဉ်လိုင်းမှ ယာဉ်တစ်စီးသည် လှိုင်သာယာမှ တောင်ဒဂုံသို့အပြန် မောင်းမကန်ကမ်းသာလမ်း နတ်စင်မှတ်တိုင်အလွန်၌ လမ်းကြုံလိုက်လာသော ယာဉ်အကူဦးသန်းဇော်က ကားထွက်စဉ် ပြေးတက်ရာ ခြေချော်၍ နောက်ဘီးအောက်သို့ ရောက်ရှိကြိတ်မိပြီး သေဆုံးသွားခဲ့သည်။

အလားတူ မေ ၁၉ ရက် ညနေပိုင်းတွင် အဓိပတိ(အနီ) ယာဉ်လိုင်းမှ ယာဉ်တစ်စီးသည် ရှစ်မိုင်မှ ပါရမီကားဝင်းသို့ အပြန် နဝဒေးခုံးထိပ်၌ လမ်းချော်၍ ရွှေညာဘီး ပလက်ဖောင်းပေါ်တင်ပြီး ရပ်တန့်နေစဉ် နောက်မှကပ်လိုက်လာသော တောင်းအေ့စ်ယာဉ်တစ်စီးက အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မိပြီး ၎င်းနောက်မှကပ်၍ မောင်းနှင်လာသော အဓိပတိ(အနီ)ယာဉ်တစ်စီးက ဆင့်ကဲတိုက်မိခဲ့သည်။ ယာဉ်သုံးစီးဆင့်တိုက်မှုဖြစ်ပွားသော်လည်း ခရီးသည် ထိခိုက်မှုမရှိကြောင်း သိရသည်။

ထို့အတူ မေ ၂၀ ရက် ညနေ ၆ နာရီခွဲတွင် မြောက်ပိုင်းခရိုင်စီမံမှုအောက်ရှိ ဌာနခွဲ(၂) ၁၃၁ ယာဉ်လိုင်းမှ ယာဉ်တစ်စီးသည် ရန်ကုန်မှ မှော်ဘီသို့အပြန် မင်္ဂလာဒုံမြို့နယ် နွယ်ခွေမှတ်တိုင်အနီး၌ မိုးရွာနေစဉ် ရုတ်တရက် ရှေ့မှ လမ်းဖြတ်ကူးသူအား ရှောင်တိမ်းပြီး ဘရိတ်အုပ်လိုက်ရာ တစ်ပတ်လည်ပြီး တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ကျား ငါးဦး၊ မ လေးဦး ဒဏ်ရာရရှိခဲ့ပြီး အင်းစိန်ဆေးရုံသို့ ပို့ဆောင်ကုသပေးခဲ့ကြောင်း သိရသည်။ (ဝင်းဝင်းမော်-သတင်းစဉ်)

# ပိုးသတ်ဆေးကိုင်ပြီး လက်မဆေးဘဲ နို့ဘူးဖျော်တိုက်ရာမှ ကလေးသေဆုံး

**ဟင်္သာတ မေ ၂၉**

မေ ၂၇ ရက် ညနေ ၅ နာရီခန့်က ဟင်္သာတမြို့နယ် ကိုင်းချောင်းကျေးရွာနေ မတင်ဇာအေး(၂၂)နှစ် (ဘ-ဦးကျင်သိန်း)သည် နေအိမ်ခြံဝင်းအတွင်း ကြွက်အန္တရာယ်ကင်းစေရန် ပိုးသတ်ဆေးဖျန်းခြင်း၊ ပိုးသတ်ဆေးချခြင်း ပြုလုပ်နေစဉ် ပုခက်အတွင်းမှ ခုနစ်လသားအရွယ် မောင်သူရဖြိုး (ဘ-ဦးဇင်မင်းဦး)သည် နို့ဆာ၍ ငိုသံကြားရသဖြင့် ပိုးသတ်ဆေးဖျန်းနေရာမှ အရေးကြီးသုတ်ပျာ နေအိမ်ပေါ်တက်၍ အမှုမဲ့ အမှတ်မဲ့ လက်မဆေးဘဲ နို့ဘူးဖျော်ပြီး ကလေးအား တိုက်ထားခဲ့ရာ နို့ဘူးမှ အဆိပ်သင့်သွားသည်။ ထို့ကြောင့် ဟင်္သာတဆေးရုံသို့ အရေးပေါ်တင်ပို့ကုသရာ ခုနစ်လသားအရွယ် နို့စို့ကလေး မောင်သူရဖြိုးမှာ သေဆုံးသွားခဲ့သည်။

အခင်းဖြစ်ပွားမှုနှင့် ပတ်သက်၍ ယင်းနေ့ည ၉ နာရီတွင် ရဲအုပ်မောင်တိုး၏ တိုင်တန်းချက်အရ ဟင်္သာတ အမှတ်(၂) ရဲစခန်းမှ (ပ)၄၀/၂၀၁၂ ပုဒ်မ ၃၀၄ (က) ဖြင့် မိခင်မတင်ဇာအေးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ (၅၅၂)

# ပုသိမ် - ဂျက်ကာ ကားလမ်း ထော်လာဂျီယာဉ် တိမ်းမှောက်

**ပုသိမ် မေ ၂၉**

မေ ၂၇ ရက် မွန်းတည့် ၁၂ နာရီက ပုသိမ်မြို့နယ် ပုသိမ် - ဂျက်ကာ ကားလမ်း မိုင်တိုင် (၂/၃)နှင့် (၂/၄) အကြား တောင်ဆင်းလမ်းတွင် စိန်တောင်မှ ချောင်းသာသို့ ယာဉ်မောင်း မင်းမင်းထွန်း (၂၅)နှစ် (ဘ - ဦးထွန်းရီ) စဉ့်အိုဖိုရပ် ပုသိမ်မြို့နေသူ မောင်းနှင်လာသော ခရီးသည် အမျိုးသား ခြောက်ဦးပါ ၃ဂ/.... ထော်လာဂျီယာဉ်သည် ဘရိတ်ပေါက်ပြီး တောင်အောက်ချောက်ထဲသို့ လိမ့်ကျတိမ်းမှောက်သွားရာ လိုက်ပါလာသူ ခရီးသည်များ ပွန်းပဲ့ဒဏ်ရာ ရရှိသွားကြသည်။

အဆိုပါယာဉ် တိမ်းမှောက်မှုကို ဒုတိယရဲအုပ်မြင့်သူ၏ တိုင်တန်းချက်အရ သလပ်ခွာရဲစခန်းမှ (ပ)၂၃/၂၀၁၂ ပုဒ်မ ၃၃၇/၃၃၈ ဖြင့် ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

(၅၅၂)

# အသက်ကို မဆင်ခြင် သရက်သီးခူးမိ၍ ပြုတ်ကျသေဆုံး

**မိတ္ထီလာ မေ ၂၉**

မိတ္ထီလာမြို့ ရတနာမာန်အောင်နယ်မြေ သံလမ်းတောင်ဘက် အလံတိုင်ကုန်းနယ်မြေနေ ဦးအောင်သိန်း (၇၄)နှစ် (မုန့်ဟင်းခါးလုပ်ငန်း)သည် မေ ၁၈ ရက်က ခြံဝင်းအတွင်းရှိ သရက်ပင်မှသရက်သီးများကို တက်ခူးရာ သစ်ပင်ပေါ်မှ ပြုတ်ကျခဲ့သည်။ ဦးအောင်သိန်းအား ဆေးရုံသို့ တင်ပို့ကုသသော်လည်း ပြုတ်ကျဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်။

ဦးအောင်သိန်းသည် ဇာတ်ဝါသနာပါပြီး သင်္ကြန်တိုင်းတွင် ဇာတ်မင်းသားအဝတ်အစားများ ဝတ်ဆင်ကာ ရပ်ကွက်များသို့လှည့်လည်၍ တပင်တိုင်မင်းသားကြီးအဖြစ် ကပြရေပက်ခံထွက်ခဲ့သည်။ ဦးအောင်သိန်းသည် စိတ်ရင်းစေတနာကောင်းသော လူပျော်ကြီးဖြစ်ပြီး မိတ္ထီလာမြို့မှ သင်္ကြန်မင်းသားကြီးတစ်ဦး ကွယ်လွန်သွားကြောင်း ကြားရသူအပေါင်းက စိတ်မကောင်းဖြစ်နေကြသည်။ (၁၁၁)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်အထက်လွှတ်တော်အမတ် Hon. Susan M. Collins ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန် အထက်လွှတ်တော်အမတ် Hon. Susan M. Collins ဦးဆောင်သောအဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)



နေပြည်တော် မေ ၂၉

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန် အထက်လွှတ်တော်အမတ် Hon. Susan M. Collins ဦးဆောင်သောအဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ဆွေးနွေး**

ယင်းသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲတိုးတက်မှုအခြေအနေများ၊ လွှတ်တော်များက ဖော်ဆောင်လျက်ရှိသည့်လုပ်ငန်းများ၊ မြန်မာ-အမေရိကန်လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရေးတိုးမြှင့်ဆောင်ရွက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

# နိုင်ငံတော်သည် ဒီမိုကရေစီအသွင်သဏ္ဌာန်ကူးပြောင်းစ နုနယ်သောကာလတွင် လိုအပ်ချက်များ၊ မပြည့်စုံမှုများ ရှိနေဦးမည်

## နိုင်ငံတကာက စီးပွားရေးပိတ်ဆို့မှုများရုပ်သိမ်းပြီး နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုကို အသိအမှတ်ပြု ပူးပေါင်းဆောင်ရွက်နေသည့်ကာလတွင် မလိုလားအပ်သော ဆူပူအကြမ်းဖက်မှုများကြောင့် တုံ့နှေးသွားစေမည့်အခြေအနေမျိုးမဖြစ်ပေါ်အောင် အလေးထားဆောင်ရွက်သွားရမည်

နေပြည်တော် မေ ၂၉

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမဆောင်၌ နိုင်ငံရေးပါတီအချို့မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို ဖိတ်ကြား၍ နိုင်ငံတော်တွင် လတ်တလောဖြစ်ပေါ်နေသည့် လျှပ်စစ်မီးပြတ်တောက်မှုကြောင့် ဆန္ဒပြမှုများ၊ အလုပ်ရှင်/အလုပ်သမား အငြင်းပွား၍ ဆန္ဒပြမှုများအတွက် နိုင်ငံရေးပါတီများကို ပကတိအခြေအနေမှန်များသိရှိစေရန်နှင့် ဥပဒေနှင့်အညီ ပူးပေါင်းညှိနှိုင်းဖြေရှင်းပေးကြရန် အတွက် တွေ့ဆုံဆွေးနွေးသည်။**

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အလုပ်သမားဝန်ကြီးဌာန၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက အမှာစကားပြောကြားရာတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်၌ လက်ရှိဖြစ်ပေါ်နေသော လျှပ်စစ်မီးဆိုင်ရာပြဿနာ၊ အလုပ်ရှင်/အလုပ်သမား အငြင်းပွားမှုပြဿနာများတွင် နိုင်ငံရေးပါတီအချို့ ပါဝင်ပတ်သက်မှုများရှိနေကြောင်းသိရသည့်အတွက် အခြေအနေမှန်များကို ရှင်းပြချင်၍ ယခုကဲ့သို့ အစည်းအဝေးခေါ်ယူလိုက်ခြင်းဖြစ်ပါကြောင်း။

နိုင်ငံရေးပါတီများ၏ ဖွဲ့စည်းပုံစည်းမျဉ်းနှင့် မူဝါဒသဘောထားများကို လေ့လာကြည့်လျှင် ပါတီတိုင်းလိုလိုက နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကို သယ်ပိုးထမ်းဆောင်ကြရန် သန္နိဋ္ဌာန်ပြုထားခြင်းကို တွေ့ရပါကြောင်း။

နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကိုသယ်ပိုးကြသည့်နေရာတွင် နိုင်ငံတော်၏ ပကတိဖြစ်တည်မှု အခြေအနေမှန်များကို သိရှိပြီး ဖြစ်သင့်သည်နှင့် ဖြစ်နိုင်သည်များကို ဦးစားပေးဆောင်ရွက်မှသာ လက်တွေ့တွင် အကျိုးထူးနိုင်မည် ဖြစ်ပါကြောင်း၊ ဖြစ်နိုင်သည်ထက် ဖြစ်ချင်သည်ကို ဦးစားပေး၍ မရသကဲ့သို့ ဖြစ်သင့်သည်များကို ဖြစ်နိုင်သမျှ ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ယင်းသို့ဆောင်ရွက်ရာတွင်လည်း မိမိတို့သည် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် ဖွဲ့စည်းထားသော နိုင်ငံရေးအဖွဲ့အစည်းတစ်ရပ် ဖြစ်သည်နှင့်အညီ နိုင်ငံတော်က ပြဋ္ဌာန်းထားသော ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကိုလည်း လေ့လာမှတ်သားလိုက်နာကြရန် လိုအပ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၄ (ခ)တွင် နိုင်ငံရေးပါတီတစ်ရပ်သည် "နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေရမည်" ဟုလည်းကောင်း၊ ပုဒ်မ ၄၀၅ (ခ)တွင် "ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်" ဟု လည်းကောင်း ပြဋ္ဌာန်းထားပါကြောင်း၊ ထို့အပြင် နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးရန် လျှောက်ထားစဉ်ကပင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၆ ပါ အချက်များအား စောင့်ထိန်းလိုက်နာမည်ဖြစ်ကြောင်း ဝန်ခံချက်ပြုထားပြီးဖြစ်ကြပါကြောင်း၊ ယင်းပုဒ်မ ၆ ပါ ဝန်ခံချက်များကို ပါတီဝင်တစ်ဦးချင်းစီက ချိုးဖောက်လျှင်လည်း ပုဒ်မ ၁၀ အရ ပါတီဝင်အဖြစ် ရပ်တည်ခွင့်မရှိတော့သည်မို့ ယင်းဥပဒေပုဒ်မ ၁၂(က) (၆) အရ ယင်းပါတီဝင်ကို ပါတီမှ ထုတ်ပယ်သည်အထိ အရေးယူကြရမည်ဖြစ်ပါကြောင်း၊ အကယ်၍ မထုတ်ပယ်ဘဲ တမင်ထိမ်ချန်ထားလျှင် ယင်းဥပဒေ ပုဒ်မ ၁၂(ခ)အရ ပါတီ၏ တရားဝင်ရပ်တည်ခွင့်ကို ထိခိုက်စေနိုင်သည်ကို သတိပြုကြရမည်ဖြစ်ပါကြောင်း။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ☆



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး နိုင်ငံရေးပါတီအချို့မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများအား တွေ့ဆုံမှာကြားစဉ်။**

(သတင်းစဉ်)

*ယနေ့ သတင်းအညွှန်း*

အများသုံးရေတွင်း တူးဖော်ဆယ်ယူရာမှ ကျည် ၉၇၁ တောင့်နှင့် လူအရိုးစုများတွေ့
ပြည်တွင်းသတင်း စာမျက်နှာ ➢➢ ၃

ဓာတ်ဆီလောင်း၍ မီးရှို့ခံရသည့် သွားဆရာဝန် အမျိုးသမီး ဆေးရုံတက်ကုသစဉ် သေဆုံး
မှုခင်းသတင်း စာမျက်နှာ ➢➢ ၁၀

ဟားဗတ်တက္ကသိုလ်ဆင်း လာဘ်စားသည့် တရားသူကြီးချုပ်အား ရာထူးမှ ဖယ်ရှား
နိုင်ငံတကာသတင်း စာမျက်နှာ ➢➢ ၄

**ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။